# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်**

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကိုသာလျှင် ကြည့်ရှုဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ သောကြာနေ့။ Friday, 9 January 2026 ၁၂၀၅၇


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပညာတတ်များပေါ်များကြွယ်ဝမှသာ ဒေသတွင်းလူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ပန်းတောင်းမြို့သည် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများရှိပြီးဖြစ် ပညာတတ်လူသားအရင်းအမြစ်များ ပိုမိုတိုးတက်လာပြီး ဒေသဖွံ့ဖြိုးအောင် ကြိုးပမ်းဆောင်ရွက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပန်းတောင်းမြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူးဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပန်းတောင်းမြို့ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



**ယနေ့ ဖတ်စရာ**

မဲရုံတံခါးကြီး ဖွင့်လှစ်ပြီ ... ဆောင်းပါး စာမျက်နှာ » ၇

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်း ကြေညာ စာမျက်နှာ » ၈

စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ စာမျက်နှာ » ၁၀

ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “လွိုင်ကော်စာပေ” စာအုပ်ဆိုင်ဖွင့်ပွဲ ကျင်းပ စာမျက်နှာ » ၁၃

ကရင်ပြည်နယ်အတွင်း ဆောင်းဆီထွက်သီးနှံ ၇၆၉၂၃ ဧက စိုက်ပျိုးရန် လျာထား စာမျက်နှာ » ၁၄

ကြေးမုံ

# ဂုဏ်သိက္ခာရှိသောရွေးကောက်ပွဲမှတစ်ဆင့် ဂုဏ်သိက္ခာရှိသောလွှတ်တော်များဖွဲ့စည်း

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲ အပိုင်း(၁)၏ မဲပေးမှုဆိုင်ရာနှင့် လုံခြုံရေးဆိုင်ရာ အားသာချက်များကို ပိုမိုကောင်းမွန် အောင်ဆောင်ရွက်ပြီး အားနည်းချက်များကို သင်ခန်းစာထုတ်ဖော်၍ ရွေးကောက်ပွဲ အပိုင်း(၂)နှင့် အပိုင်း(၃)ကို အောင်မြင်စွာဆက်လက်ကျင်းပနိုင်ရန် အားလုံးလက်တွဲ ညီညီ ညွှန့်နှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ရွေးကောက်ပွဲအပိုင်း(၁)ကို နေပြည်တော် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ် ၁၀၂ မြို့နယ်တို့မှ မဲရုံများတွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များအနက် ဆန္ဒမဲလာရောက်ပေးခဲ့သည်မှာ ရာခိုင်နှုန်း အားဖြင့် ၅၂ ဒသမ ၁၃ ရာခိုင်နှုန်းရှိသည်။ အမှန်တကယ်တွင် ဆန္ဒမဲပေးသည့် ရာခိုင်နှုန်းမှာ ထို့ထက်မကရှိမည်ဖြစ်သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက် ပွဲကို မလိုလားသည့် နှောင့်ယှက်ဟန့်တားသူများနှင့် အကြမ်းဖက်သမားများက ပြည်သူများ ဆန္ဒမဲပေးမှုကို ခြိမ်းခြောက်တိုက်ခိုက် ဖျက်ဆီးမှုအချို့ ပြုလုပ်ခဲ့သည့် ကြားမှ ရွေးကောက်ပွဲကို အောင်မြင်ထမြောက်အောင် ပြုလုပ်နိုင်ခဲ့သည်။

ဆက်လက်ကျင်းပမည့် ရွေးကောက်ပွဲအပိုင်း(၂)နှင့် အပိုင်း(၃)တို့တွင် မဲဆန္ဒရှင် ပြည်သူများ စိတ်အေးချမ်းသာ လုံခြုံမှုရှိစွာဖြင့် ဆန္ဒမဲပေးနိုင်ရန် ရွေးကောက်ပွဲ အပိုင်း(၁) ကျင်းပစဉ်က ကြုံတွေ့ခဲ့သည့် အားနည်းချက်များကို ပြန်လည်သုံးသပ်၍ ပိုမိုလုံခြုံစိတ်ချကောင်းမွန်စွာဖြင့် ဆန္ဒမဲပေးနိုင်ရန် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ကာ ထိထိရောက်ရောက် ဆောင်ရွက်သွားရမည်ဖြစ်သည်။

ဆက်လက်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများတွင် မဲပေးစက်အသုံးပြု ခြင်းဆိုင်ရာ အသိပညာပေးမှုများ၊ နည်းပညာဆိုင်ရာအထောက်အကူပြုအဖွဲ့များ လုံလောက်အောင်ထားရှိမှုများ၊ မဲရုံများအလိုက် မဲဆန္ဒရှင်ပြည်သူများ သတ်မှတ် ချိန်အတွင်း အဆင်ပြေလွယ်ကူစွာ မဲပေးနိုင်ရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့ အစည်းများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ရန်နှင့် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးတို့အတွက် အစီအမံများကို အင်အား ဖြည့်တင်း ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရေတွက်ခြင်း၊ ဆန္ဒမဲစာရင်းများပြုစုခြင်း၊ ကပ်ထားကြေညာခြင်းဆိုင်ရာလုပ်ငန်း စဉ်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူတို့အားဖိတ်ကြား၍ ပွင့်လင်းမြင်သာစွာဖြင့် တိကျမှန်ကန်စွာ ဆောင်ရွက်ခဲ့ကြသည်။

မဲဆန္ဒရှင်ပြည်သူများအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေ ဖြင့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး မဲစာရင်းများကို သုံးကြိမ်တိုင် ကပ်ထားကြေညာပေးခဲ့ပြီး မဲစာရင်းတွင် မပါဝင်ပါက တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး အသိပေးနှိုးဆော်ခြင်းများ ပြုလုပ်ပေးခဲ့သည်။ ပါတီများနှင့် ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ် စည်းရုံးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရာတွင် မဲဆွယ်စည်းရုံးရေးဆိုင်ရာ ဥပဒေ၊ စည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်အောင် ဆောင်ရွက်ကြရန်လိုသည်။ ပြိုင်ဘက်ပါတီများ၊ ပြိုင်ဘက်ကိုယ်စားလှယ်လောင်းများကို စော်ကားပုတ်ခတ်၍ ပြောဆိုစည်းရုံးခြင်းသည် ရာဇဝတ်ကြောင်းအရ ပြစ်မှုမြောက်နိုင်သကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုလည်းမြောက်နိုင်သည်။ တစ်ဖက်ပါတီကို နှိမ့်ချပြောဆိုစည်းရုံးခြင်းသည် ကျင့်ဝတ်သိက္ခာမဲ့သည့် လုပ်ဆောင်ချက်အဖြစ် မှတ်ယူရမည်ဖြစ်ပြီး ရွေးကောက်ပွဲနှင့် ပါတီပုံရိပ်ကိုလည်း ထိခိုက်စေသည်။

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ကျူးလွန်သူများကို ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့အထိ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌ “ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ”အရ အရေးယူဆောင်ရွက်မှု အမှု ၂၄၀ တွင် တရားခံအမျိုးသား ၂၇၅ ဦး၊ အမျိုးသမီး ၆၀ စုစုပေါင်း ၃၃၅ ဦးရှိခဲ့ပြီး ဆက်လက်၍ ရွေးကောက်ပွဲအား ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများ၊ ဖျက်ဆီးမှုများ ကျူးလွန်ခဲ့ကြသူများကို စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်ခြင်း များအား လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများက စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိသည်။

သို့ဖြစ်ရာ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ မှန်မှန်ကန်ကန် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲများမှတစ်ဆင့် ဂုဏ်သိက္ခာရှိသော လွှတ်တော်အသီးသီးကို ဖွဲ့စည်း ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး အတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲ ပူးပေါင်းဆောင်ရွက်ရေး။
၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှု တို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။
၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## မြန်မာနိုင်ငံ ပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် အား အမြဲတမ်းအတွင်းဝန် / ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

### ၈ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၀၀၀၀၀၀** ဖြစ်သည်။ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**စည်းလုံးခြင်းသည် အင်အား၊**
**ညီညွတ်ခြင်းသည် စွမ်းအား၊**
**ငြိမ်းချမ်းခြင်းသည် အလှတရား။**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဇန်နဝါရီ ၈**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် စာအုပ်အသင်းက စာပေ ဗိမာန်စာမူဆု ကလေးစာပေ ဒုတိယဆုရ **“အင်ကြင်းမေ”** ရေးသားသည့် **“စိတ်ကောင်းနှင့်ယှဉ် ရေးရှုနှင့်နှင့် ကလေးဝတ္ထုတိုများ”** စာအုပ်ကို ဇန်နဝါရီလ အသင်းပေး စာအုပ်အဖြစ် စာအုပ်အသင်းဝင်များ ထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/ ၅၃၁) ကုန်သည်လမ်းရှိစာပေဗိမာန် စာအုပ် အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များအား စာတိုက်မှ တစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁)ကုန်သည်လမ်း၊ ရန်ကုန် မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈ - ၁ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၄၀၅ | ၃,၄၅၀,၅၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၀၀ | ၄၄ | ၁၆၆,၄၅၀ |
| MCB | ၇,၇၀၀ | ၇,၅၀၀ | ၄၃ | ၃၃၀,၉၀၀ |
| FPB | ၂,၅၅၀ | ၂,၅၅၀ | ၃၇၁ | ၉၄၆,၀၅၀ |
| TMH | ၃,၂၀၀ | ၃,၂၅၀ | ၁၉၃ | ၆၁၈,၉၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၄,၁၀၈ | ၆,၇၀၇,၇၀၀ |
| AMATA | ၄,၄၀၀ | ၄,၅၀၀ | ၁၆ | ၇၁,၄၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၁၀၄ | ၃၃၈,၀၀၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၇၀၀ | ၅,၀၀၀ | ၁၃,၅၀၀,၀၀၀ |
| ASPGB(PLB) | ၄,၇၀၀၀ | ၄၆,၀၀၀ | ၂၂ | ၂,၃၃၃,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။



Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသအတွင်း အသား၊ ငါး၊ နို့နှင့် ဥ ဖူလုံမှုအခြေအနေများ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ဒေသတွင်း ပညာရည်မြှင့်တင်ရေးနှင့် ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများက ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့သည် လမ်းဆုံလမ်းခွနေရာတွင်တည်ရှိနေပြီး တိုင်းလေးတိုင်းဆုံရာ အချက်အချာကျသည့်နေရာတစ်ခုဖြစ်သဖြင့် လမ်းဆုံနေရာအား အထိမ်းအမှတ်နေရာတစ်ခုကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ပေးစေလိုမှု၊ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပန်းတောင်းမြို့နယ်သို့ ပထမဦးဆုံးလာရောက်ခဲ့သည့် နိုင်ငံတော်အကြီးအကဲတစ်ဦးဖြစ်သဖြင့် ဒေသခံများအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ပန်းတောင်းမြို့နယ်မှ ဒေသခံများအနေဖြင့်လည်း ရွေးကောက်ပွဲအောင်မြင်မှုရှိစေရေး တညီတညွတ်တည်း ပါဝင်ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပန်းတောင်းမြို့ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးမင်းနောင်တို့က ပန်းတောင်းမြို့နယ်အနေဖြင့် စက်မှုလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်း၊ ဝန်ဆောင်မှု လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိမှု၊ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်း (Agro–Base Industry) များကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားရှိသော်လည်း ထိုက်သင့်သည့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်ရန် လိုအပ်ချက်များရှိနေမှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်မှု၊ ဒေသတွင်းရှိ စက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကိုအားပေးဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖော်ဆောင်နိုင်မှု၊ နိုင်ငံတော်တွင် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် MSME လုပ်ငန်းများကို နိုင်ငံတစ်ဝန်းအားပေးဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်သည့် ရင်းနှီးမတည်ငွေများ၊ နည်းပညာများ၊ သွင်းအားစုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ MSME လုပ်ငန်းများ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ဒေသတစ်ခုချင်းစီအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမို ဖော်ဆောင်ပေးနိုင်သကဲ့သို့ ဒေသနှင့် နိုင်ငံတော်၏ စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စဉ်ဆက်မပြတ် အားပေးဆောင်ရွက်လျက်ရှိမှု၊ ပန်းတောင်းမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်စေရေး၊ သီးထပ်စိုက်ပျိုးမှုများ အောင်မြင်မှုရှိစေရေးတို့အတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိမှု၊ ဆိုလာစနစ်သုံး မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ပေးခြင်း၊ ဆိုလာစနစ်သုံး မြေအောက်ရေထုတ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးခြင်းတို့ဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံတော်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ဒေသအနီးဝန်းကျင်ရှိ စိုက်ပျိုးမွေးမြူရေး သိပ္ပံများတွင်လည်း အတတ်ပညာများ တက်ရောက်သင်ကြား၍ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပန်းတောင်းမြို့နယ်သို့ ပထမဆုံး လာရောက်သည်ဟု သိရှိရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ပန်းတောင်းမြို့သည် သမိုင်းကြောင်းအစဉ်အလာရှိသည့် နေရာတစ်ခုဖြစ်ပြီး ပထဝီနိုင်ငံရေးအရ ထူးခြားသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ဒေသတွင်းစိုက်ပျိုးရေးနှင့်ပတ်သက်၍ ဆန်ဖူလုံမှုသည် ၂၀၀ ရာခိုင်နှုန်းကျော်၊ ပဲဖူလုံမှုသည် ၃၀၀ ရာခိုင်နှုန်းကျော်ရှိသည်ဟုသိရှိရကြောင်း၊ အရည်အသွေးပြည့်မီသည့်ဆန်များ ထုတ်လုပ်နိုင်ရေးအတွက် ပေါ်ဆန်းမွှေးစပါးကို စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အထွက်နှုန်းကောင်းမွန်စေရေးအတွက် သွင်းအားစုများကို စနစ်တကျထည့်သွင်း စိုက်ပျိုးခြင်းဖြင့် ပန်းတောင်းဒေသတွင် ပေါ်ဆန်းမွှေးစပါးကို အထွက်နှုန်းကောင်းမွန်စွာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးအရ တွက်ခြေကိုက်နိုင်သည့် တန်ဖိုးမြင့်ပေါ်ဆန်းမွှေးစပါး စိုက်ပျိုးထုတ်လုပ်ခြင်းကို ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

ဆီထွက်သီးနှံစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် စားသုံးဆီများကို ပြည်ပမှများစွာတင်သွင်းနေရပြီး နိုင်ငံခြားငွေများ များစွာသုံးစွဲနေရကြောင်း၊ သို့သော် မိမိတို့နိုင်ငံမှထွက်ရှိသည့် မြေပဲနှင့် အခြားဆီထွက်သီးနှံများကို ပြည်ပသို့ တင်ပို့နေသော်လည်း ကုန်ကြမ်းအဖြစ်သာ တင်ပို့ခြင်းဖြစ်သဖြင့် ထိုက်သင့်သလောက် ဝင်ငွေမရရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကို အထောက်အကူပြုစေမည့် ဆီထွက်သီးနှံများ ဖြစ်ကြသည့် နေကြာ၊ ပဲပုပ်တို့ကို ပိုမိုတိုးမြှင့်စိုက်ပျိုးသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ပန်းတောင်းမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် ဒေသမှထွက်ရှိသည့် ပဲနှင့်ဆန်များကို အသုံးပြု၍ ကြာဆံများကို ထုတ်ကုန်တစ်ခုအဖြစ် ထုတ်လုပ်နိုင်ကြောင်း၊ အလားတူ ပန်းတောင်းမြို့နယ်အတွင်း ဝါစမ်းသပ်စိုက်ပျိုးနေသည်ကိုသိရှိရကြောင်း၊ စိုက်ပျိုးဖြစ်ထွန်းမှုအပေါ်မူတည်ပြီး ဝါကို အခြေခံသည့် ဝါဂွမ်း၊ ချည်မျှင်နှင့် အထည် ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သကဲ့သို့ ဝါစေ့ဆီကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း ဝါစိုက်ပျိုးခြင်းကို မြှင့်တင်ဆောင်ရွက်ကြစေလိုကြောင်း။

မွေးမြူရေးနှင့် ပတ်သက်၍ ပန်းတောင်းဒေသတွင် စားရေးကို အထောက်အကူပြုစေရေးအတွက် အသားစားကြက်၊ ဥစားကြက်၊ ဝက်နှင့် နို့စားနွားမွေးမြူရေး လုပ်ငန်းများကို ပိုမိုတိုးချဲ့မွေးမြူသွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်ပစ္စည်းများဖြင့် တိရစ္ဆာန်အစာများကို ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ အထက်တန်းကျောင်းများကို ဒေသအလိုက် ဖွင့်လှစ်သင်ကြားပေးလျက် ရှိကြောင်း၊ ဒေသတွင်းမွေးမြူရေး လုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသတွင်းသို့လာရောက်လည်ပတ်ကြသည့် ခရီးသွားများ၏ စားရေးကိုလည်း အထောက်အကူပြုနိုင်သကဲ့သို့ ပိုလျှံသည့် အသား၊ ငါးနှင့် ဥများကို အခြားဒေသများသို့လည်း တင်ပို့ရောင်းချနိုင်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသတွင်း ပညာတတ်အရင်းအမြစ်များလိုအပ်သဖြင့် နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေး အားပေးဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသအလိုက် ပညာရည်မြင့်မားရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအားလုံး

**စာမျက်နှာ ၄ သို့** ☆

- **ပန်းတောင်းမြို့သည် သမိုင်းကြောင်းအစဉ်အလာရှိသည့် နေရာတစ်ခုဖြစ်ပြီး ပထဝီနိုင်ငံရေးအရ ထူးခြားသည့်ဒေသတစ်ခုဖြစ်၊ ဒေသတွင်းစိုက်ပျိုးရေးနှင့်ပတ်သက်၍ ဆန်ဖူလုံမှုသည် ၂၀၀ ရာခိုင်နှုန်းကျော်၊ ပဲဖူလုံမှုသည် ၃၀၀ ရာခိုင်နှုန်းကျော်ရှိသည်ဟုသိရှိရ၊ အရည်အသွေးပြည့်မီသည့် ဆန်များ ထုတ်လုပ်နိုင်ရေးအတွက် ပေါ်ဆန်းမွှေးစပါးကို စိုက်ပျိုးထုတ်လုပ်နိုင်ရန်လို**
- **ပန်းတောင်းမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် ဒေသမှထွက်ရှိသည့် ပဲနှင့်ဆန်များကို အသုံးပြု၍ ကြာဆံများကို ထုတ်ကုန်တစ်ခုအဖြစ် ထုတ်လုပ်နိုင်**
- **ပန်းတောင်းမြို့နယ်အတွင်း ဝါစမ်းသပ်စိုက်ပျိုးနေသည်ကို သိရှိရ၊ စိုက်ပျိုးဖြစ်ထွန်းမှုအပေါ်မူတည်ပြီး ဝါကိုအခြေခံသည့် ဝါဂွမ်း၊ ချည်မျှင်နှင့် အထည်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သကဲ့သို့ ဝါစေ့ဆီကိုလည်း ထုတ်လုပ်နိုင်**

# နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရေးအတွက် လိုအပ်သည့် လယ်ထွန်စက်များနှင့် စက်ကိရိယာများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်

## စက်ပစ္စည်းများ အရည်အသွေးပြည့်မီစေရေးအတွက် စနစ်တကျသုတေသနပြု ထုတ်လုပ်

**နေပြည်တော် ဇန်နဝါရီ ၈**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ဆင်တဲနှင့်ထုံးဘိုတို့ရှိ နယ်မြေခံ တပ်မတော်အကြီးစားစက်ရုံများ၌ လယ်ယာသုံးစက် ကိရိယာများ၊ မော်တော်ယာဉ်များ ထုတ်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် တပ်မတော် အကြီးစားစက်ရုံ (ဆင်တဲ) သို့ ရောက်ရှိကြပြီး စက်ရုံမှထုတ်လုပ်ထားရှိသည့် လက်ဆွဲကောက်စိုက်စက်နှင့် Manual Drum Seeder များကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်အကြီးစားစက်ရုံ(ဆင်တဲ) တွင် ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူးက စက်ရုံသမိုင်းအကျဉ်း၊ ဝန်ထမ်းများခန့်အပ်ထားရှိမှု၊ ရည်မှန်းချက်တာဝန်များ၊ စက်ရုံမှ လယ်ယာသုံးစက်ပစ္စည်းများနှင့် ထုတ်လုပ်လျက်ရှိမှု၊ စက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် စက်ကိရိယာများ၊ လက်သုံးကိရိယာများ ထုတ်လုပ်မှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မိမိတို့နိုင်ငံသည် စိုက်ပျိုးရေး လုပ်ငန်းကို အဓိကစီးပွားရေးအဖြစ်ဆောင်ရွက်သည့် နိုင်ငံဖြစ်သဖြင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရေးအတွက် လိုအပ်သည့်လယ်ထွန်စက်များနှင့် စက်ကိရိယာများကို ပိုမိုတိုးတက် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ စက်ရုံ၏ကုန်ထုတ် လုပ်ငန်းများအတွက် **စာမျက်နှာ ၅ သို့ ★**

**☆ စာမျက်နှာ ၃ မှ**

အနည်းဆုံးအဆင့် အခြေခံပညာအဆင့် KG+9 အထိ သင်ကြားအောင်မြင်နိုင်စေရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားစေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အတန်းပညာမြင့်မားမှသာ အဆင့်မြင့်ပညာများကို သင်ယူနိုင်မည်ဖြစ်ပြီးအသိပညာ၊ အတတ်ပညာ မြင့်မားလာမည် ဖြစ်ကြောင်း၊ ပညာတတ်များ ပေါများကြွယ်ဝမှသာ ဒေသတွင်းလူမှု စီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပန်းတောင်းမြို့သည် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပန်းတောင်းမြို့နယ်အတွင်း ပညာတတ် လူသားအရင်းအမြစ်များ ပိုမိုတိုးတက်လာပြီး ဒေသဖွံ့ဖြိုးအောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာ အထက်တန်းကျောင်းများကို ခရိုင်အလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ဖွင့်လှစ်ရန် ကျန်ရှိသည့် ခရိုင်များတွင်လည်း ထပ်မံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် လာမည့် ပညာသင်နှစ်တွင် အခြေခံပညာ အလယ်တန်းကျောင်း အဆင့်၌ စိုက်ပျိုးမွေးမြူရေးဆိုင်ရာအခြေခံ ပညာများကို ထည့်သွင်းသင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ "အမျိုးသားစည်းကမ်း အစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း သင်ကြားရေးဆိုင်ရာ ဆရာ ဆရာမများအနေဖြင့် စာပေပညာရပ်များအပြင် ကျောင်းသားကျောင်းသူများ စည်းကမ်းတကျနေထိုင်သွားလာပြောဆို လုပ်ကိုင်တတ်စေရေး သင်ကြားလေ့ကျင့်ပေးကြရန် လိုကြောင်း၊ စည်းကမ်းလိုက်နာမှု ရှိသည့် လူငယ်၊ လူရွယ်များကို မွေးထုတ်ပေးနိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို များစွာ အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး အသုံးပြုမှုများသည် လူငယ်များ၏ ဘဝကို များစွာထိခိုက်စေသဖြင့် ပန်းတောင်းဒေသအတွင်း မူးယစ်ဆေးဝါးများ သုံးစွဲမှုမရှိစေရေး အတွက် တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ထိန်းသိမ်း ဆောင်ရွက်သွားကြစေလိုကြောင်း။

> ★ **ရွေးကောက်ပွဲ အပိုင်း(၁)တွင် ဆန္ဒမဲပေးမှုများပြားပြီး ပြည်သူများအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပါဝင်လျှောက်လှမ်းလိုသည့်ဆန္ဒများရှိသည်ကို သိရှိရသဖြင့် အောင်မြင်သည့်ရွေးကောက်ပွဲဖြစ်၍ ပန်းတောင်းဒေသတွင်လည်း ရွေးကောက်ပွဲ ကျင်းပချိန်တွင် ဆန္ဒမဲပေးချိန်၌ ရာခိုင်နှုန်းများပြားစွာ ပိုမိုပေးအပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလို**

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မဲမသမာမှုများကို ဖြေရှင်းပေးရန်အတွက် ထိုအချိန်က တာဝန်ရှိသူများအား အကြိမ်ကြိမ် အကြောင်းကြားခဲ့ သော်လည်း ဖြေရှင်းပေးမှုမရှိဘဲ နိုင်ငံတော်၏အာဏာကို မဲမသမာမှုရလဒ်များဖြင့် အနိုင်ရရှိလာသည့် ကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ၍ အဓမ္မနည်းဖြင့် ရယူရန်ဆောင်ရွက်လာသည့် အတွက် တပ်မတော်အနေဖြင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာပြီး တာဝန်ယူဆောင်ရွက်ခဲ့ရခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်အား စတင်တာဝန်ယူချိန်တွင် ဦးတည်ချက်များချမှတ်ဆောင်ရွက်ခဲ့ပြီး ယခုအခါ မိမိတို့အစိုးရ၏အန္တိမရည်မှန်းချက်ဖြစ်သည့် ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည့် အပိုင်း(၂)နှင့် အပိုင်း(၃)ကိုလည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အပိုင်း(၁)တွင် ဆန္ဒမဲပေးမှုများပြားပြီး ပြည်သူများအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပါဝင်လျှောက်လှမ်းလိုသည့် ဆန္ဒများရှိသည်ကို သိရှိရသဖြင့် အောင်မြင်သည့်ရွေးကောက်ပွဲဖြစ်ကြောင်း၊ ထို့ကြောင့် ပန်းတောင်းဒေသတွင် လည်း ရွေးကောက်ပွဲ ကျင်းပချိန်တွင် ဆန္ဒမဲပေးချိန်၌ ရာခိုင်နှုန်းများပြားစွာ ပိုမိုပေးအပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း နိုင်ငံတော်နှင့် ဒေသအကျိုးကို ဆောင်ရွက်ပေးနိုင်သည့်သူ၊ အမျိုး ဘာသာသာသနာအကျိုးကို သယ်ပိုးထမ်းရွက်နိုင်မည့်သူ၊ နိုင်ငံတည်ရှိနေသရွေ့ တည်တံ့ခိုင်မြဲစွာတည်ရှိနေမည့် တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်မည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်၍ ဆန္ဒမဲပေးနိုင်ရန်လိုကြောင်း၊ အလားတူ ဥပဒေပြုရေး လုပ်ငန်းများကို ဆောင်ရွက်မည့်သူများဖြစ်သဖြင့် ဥပဒေကို သိရှိနားလည်ကြသူများလည်းဖြစ်ရန်လိုကြောင်း၊ အထူးသဖြင့် ပညာတတ်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်နိုင်ရန် လိုကြောင်း၊ သို့မှသာ ပန်းတောင်းမြို့နယ်အတွက် ကိုယ်စားလှယ်ကောင်းများရရှိမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ပန်းတောင်းမြို့နယ်အတွင်း ကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် ပန်းတောင်းမြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

★ စာမျက်နှာ ၄ မှ

လိုအပ်သော ကျွမ်းကျင်လုပ်သားများရရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထုတ်လုပ်လိုက်သည့် စက်ပစ္စည်းများအရည်အသွေး ပြည့်မီစေရေးအတွက် စနစ်တကျ သုတေသနပြု ထုတ်လုပ်သွားရန် လိုကြောင်း၊ ဝန်ထမ်းများ၏ စားသောက်နေထိုင်ရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ လုပ်ငန်းခွင်ကျွမ်းကျင်မှုအလိုက် ချီးမြှင့်မှုများကိုလည်း ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ စားရေးကို အထောက်အကူဖြစ်စေသည့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန် လိုကြောင်း၊ ဝန်ထမ်းမိသားစုဝင် သားသမီးများ၏ ပညာရည်မြင့်မားရေးကိုလည်း ဆောင်ရွက်ပေးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တပ်မတော်အကြီးစားစက်ရုံ(ထုံးဘို) စက်ရုံမှူးက ရှင်းလင်းတင်ပြစဉ်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်း အလုပ်ရုံများအား လှည့်လည်၍ လက်ဆွဲကောက်စိုက်စက်၊ Manual Drum Seeder များနှင့် ဆက်စပ်ပစ္စည်းများထုတ်လုပ်နေမှု၊ သံရည်ကြို အလုပ်ရုံအတွင်း စက်ပစ္စည်းအစိတ်အပိုင်းများ သွန်းလောင်းထုတ်လုပ်နေမှု၊ သံဂဟေချောင်း အလုပ်ရုံအတွင်း သံဂဟေချောင်းများ အဆင့်ဆင့်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်အကြီးစားစက်ရုံ(ထုံးဘို)တွင် ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှူးက လက်ခံရယူသည်။

ညနေပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်အကြီးစားစက်ရုံ(ထုံးဘို)သို့ ရောက်ရှိကြရာ စက်ရုံ အစည်းအဝေးခန်းမတွင် စက်ရုံမှူးက စက်ရုံသမိုင်းအကျဉ်း၊ ဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ ရည်မှန်းချက် တာဝန်များ၊ ထုတ်လုပ်နိုင်မှု စွမ်းရည်များနှင့် တစ်နှစ်ထုတ်လုပ်နိုင်မှုအခြေအနေများ၊ လမ်းညွှန်မှာကြားချက်များကို လိုက်နာဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မော်တော်ယာဉ်များအား ထုတ်လုပ်လျက်ရှိမှု၊ သုတေသနပြုဆောင်ရွက်လျက်ရှိမှုနှင့် စမ်းသပ်မောင်းနှင်ခြင်းများ ဆောင်ရွက်ပြီးစီးပါက တပ်မတော်နှင့် ဌာနဆိုင်ရာများသို့ ထုတ်ပေးလျက်ရှိမှုတို့နှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**❖ မော်တော်ယာဉ်များအား ထုတ်လုပ်ရာတွင် အစိတ်အပိုင်းများအားလုံးကို မိမိတို့ကိုယ်တိုင် ထုတ်လုပ်အသုံးပြုနိုင်ရန်လိုပြီး အစိတ်အပိုင်းများ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားရန်လို**

**❖ ထုတ်လုပ်ပြီး စက်ပစ္စည်းအစိတ်အပိုင်းများအား တစ်ခုချင်းစီအလိုက် အရည်အသွေး စမ်းသပ်ခြင်းများဆောင်ရွက်ပြီးမှသာ တပ်ဆင်အသုံးပြုခြင်းဆောင်ရွက်ရန်နှင့် မော်တော်ယာဉ်အရည်အသွေး စစ်ဆေးခြင်း၊ စမ်းသပ်မောင်းနှင်ခြင်းများကိုလည်း စနစ်တကျ ဆောင်ရွက်သွားရန်လို**

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မော်တော်ယာဉ်များအား ထုတ်လုပ်ရာတွင် အစိတ်အပိုင်းများအားလုံးကို မိမိတို့ကိုယ်တိုင် ထုတ်လုပ်အသုံးပြုနိုင်ရန် လိုပြီး အစိတ်အပိုင်းများ ပိုမိုတိုးမြှင့် ထုတ်လုပ်နိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်း ဆောင်ရွက်သွားရန် လိုကြောင်း၊ ထုတ်လုပ်ပြီး စက်ပစ္စည်းအစိတ်အပိုင်းများအား တစ်ခုချင်းစီအလိုက် အရည်အသွေး စမ်းသပ်ခြင်းများ ဆောင်ရွက်ပြီးမှသာ တပ်ဆင်အသုံးပြုခြင်း ဆောင်ရွက်ရန်နှင့် မော်တော်ယာဉ်အရည်အသွေး စစ်ဆေးခြင်း၊ စမ်းသပ် မောင်းနှင်ခြင်းများကိုလည်း စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ အရေအတွက် ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေး ပိုမိုကောင်းမွန်လာရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိ အလုပ်ရုံများအတွင်း မော်တော်ယာဉ်များ ထုတ်လုပ်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်၊ ထုတ်လုပ်ပြီး မော်တော်ယာဉ်များအား စစ်ဆေးစမ်းသပ်နေမှုနှင့် ထုတ်လုပ်ထားရှိသည့် မော်တော်ယာဉ်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှူးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



တပ်မတော်အကြီးစားစက်ရုံ(ဆင်တဲ)၌ Manual Drum Seeder များနှင့် ဆက်စပ်ပစ္စည်းများထုတ်လုပ်နေမှုကို တွေ့ရစဉ်။



တပ်မတော်အကြီးစားစက်ရုံ(ထုံးဘို)၌ မော်တော်ယာဉ်များ ထုတ်လုပ်နေမှုကို တွေ့ရစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

နေပြည်တော် ဇန်နဝါရီ ၈

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ သမ္မတ ရှိတ် မိုဟာမက် ဘင် ဇာရိဒ် အယ်လ် နာရမ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်၊ ဒူဘိုင်းအုပ်ချုပ်သူ ရှိတ် မိုဟာမက် ဘင် ရာရှစ် အယ်လ် မက်တွမ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ ဒုတိယသမ္မတ၊ ဒုတိယဝန်ကြီးချုပ်နှင့် သမ္မတခုံရုံးဥက္ကဋ္ဌ ရှိတ် မန်ဆော ဘင် ဇာရိဒ် အယ်လ် နာရမ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်၊ ဒူဘိုင်းအုပ်ချုပ်သူ ရှိတ် မိုဟာမက် ဘင် ရာရှစ် အယ်လ် မက်တွမ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ ဒုတိယသမ္မတ၊ ဒုတိယဝန်ကြီးချုပ်နှင့် သမ္မတခုံရုံးဥက္ကဋ္ဌ ရှိတ် မန်ဆော ဘင် ဇာရိဒ် အယ်လ် နာရမ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ ပါကစ္စတန်ဝန်ကြီးချုပ် မစ္စတာ မိုဟာမက် ရှီဘက် ရှာရစ်ဖ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပါကစ္စတန်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ရင်းနှီးနွေးထွေးစွာ ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ယခုအထိမ်းအမှတ်နေ့သည် မြန်မာနိုင်ငံပြည်သူများ၏ ကိုယ်ပိုင်ဆုံးဖြတ်နိုင်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် သာယာဝပြောမှုဆီသို့ ဦးတည်ဖော်ဆောင်ခဲ့ကြသည့် ထင်ရှားသော ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါသည်။

ပါကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အစဉ်အလာအားဖြင့် ကောင်းမွန်ခိုင်မာသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားကြပါသည်။ အဆွေတော်၏ အမြော်အမြင်ရှိသည့် ခေါင်းဆောင်မှုအောက်တွင် မိမိတို့ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် ဆက်လက်တိုးတက်ကောင်းမွန်မည်ဖြစ်ပြီး နှစ်နိုင်ငံအပြန်အလှန် အကျိုးဖြစ်ထွန်းသည့်ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ပြုမှုလမ်းကြောင်းသစ်များကို ဖွင့်လှစ်ပေးစေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အခွင့်ကြုံခိုက် အဆွေတော် ကျန်းမာရေးကောင်းမွန်ပြီး အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်းနှင့် ရင်းနှီးဖော်ရွေသည့် မြန်မာနိုင်ငံပြည်သူများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ် အဗ္ဗဒူလာ ဘင် ဇာရိဒ် အယ်လ် နာရမ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံ အစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ပညာရေးဒီဂရီကောလိပ်အချို့ကို ဆရာအတတ်သင်တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၈**

ပညာရေးဒီဂရီကောလိပ်အချို့ကို ဆရာအတတ်သင်တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေး တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာန ဆရာအတတ်သင်ပညာ ဦးစီးဌာနအောက်ရှိပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းမှ ပညာရေးဒီဂရီကောလိပ်အချို့ကို ဆရာအတတ်သင် တက္ကသိုလ်အဆင့်သို့ မြှင့်တင်ရေး ညှိနှိုင်းဆွေးနွေးရန်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများတွင် အထက်တန်းပြဆရာများ လိုအပ်ချက်ကို ပြည့်စုံအောင် ဖြည့်ဆည်းပေးရန်နှင့် ပညာရေးဒီဂရီကောလိပ်များမှ မွေးထုတ်လိုက်သော အလယ်တန်းပြဆရာ၊ ဆရာမလေးများ အနက်မှ ထူးချွန်သော ကျောင်းသားကျောင်းသူများအတွက် ပညာဆက်လက်သင်ယူမှု အခွင့်အလမ်းများဖန်တီးပေးရန် ရည်ရွယ်ပါကြောင်း၊ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားရေးဆိုင်ရာလိုအပ်ချက်၊ ဆရာ ဆရာမ လိုအပ်ချက်၊ တက္ကသိုလ်အဂ်ါရပ်များနှင့် ပြည့်စုံအောင် ဖြည့်ဆည်းပေးရမည့် အဆောက်အအုံနှင့်သင်ထောက်ကူပစ္စည်းလိုအပ်ချက်၊ ဘဏ္ဍာငွေ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့် ချီးမြှင့်မည့်ဘွဲ့တို့ကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုပါ ကြောင်းပြောကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အသေးစိတ် ညှိနှိုင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ပညာရေး တက္ကသိုလ်ပါမောက္ခချုပ်များနှင့် ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများက ဝိုင်းဝန်း ဆွေးနွေး အကြံပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မဲရုံတံခါးကြီး ဖွင့်လှစ်ပြီ ...

ဗညားဦး

**ရွေးကောက်ပွဲ အပိုင်း (၂) အတွက် မဲရုံတံခါးကြီးက ဇန်နဝါရီ ၁၁ ရက်တွင် ဖွင့်လှစ်တော့မည်ဖြစ်သည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) တွင်ပါဝင်သည့် မဲဆန္ဒနယ်များမှ မဲပေးပိုင်ခွင့်ရှိသူပြည်သူများ မဲပေးကြတော့မည်။ နိုင်ငံအတွင်းမှ မြို့နယ် ၁၀၀ တွင် ရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ ထို့အတူ မဲဆန္ဒရှင်ပြည်သူတိုင်း အေးချမ်းလုံခြုံစွာ ဆန္ဒနှင့်အညီ လွတ်လွတ်လပ်လပ်ဆန္ဒမဲပေးနိုင်ရန် စီမံဆောင်ရွက်ထားပြီးဖြစ်သည်။**

ပြည်သူများ၏ဆန္ဒမှန်သည် အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ ဦးတည်နိုင်ရေးဖြစ်သည်။ ထို့အတွက် ပြည်သူ့ဆန္ဒနှင့်ကိုက်ညီသည့်၊ ပြည်သူများကိုယ်တိုင် လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း ပါဝင်ရွေးချယ်ကြသည့် အောင်မြင်သော ရွေးကောက်ပွဲ အပိုင်း (၁) ဖြစ်ခဲ့သည်။ ရွေးကောက်ပွဲ အပိုင်း (၁) ကဲ့သို့ ရွေးကောက်ပွဲ အပိုင်း (၂) သည် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲဖြစ်မည်ကို ပြည်သူများက နားလည်ယုံကြည် လက်ခံထားပြီးဖြစ်သည်။

**❛ပြည်သူများအနေဖြင့် အပိုင်း (၂) နှင့် အပိုင်း (၃) အတွက် ပြည်သူ့ကိုယ်စားလှယ်များကို ဆက်လက်ရွေးချယ်ကြရဦးမည်ဖြစ်သည်။ ရွေးကောက်ပွဲ အပိုင်း(၃)ပိုင်းကို အောင်အောင်မြင်မြင် ကျင်းပပြီးစီးသည့်အခါ ရွေးကောက်ခံအစိုးရသစ် တာဝန်ထမ်းဆောင်မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲမှသည် အနိုင်ရကိုယ်စားလှယ်များသည် လွှတ်တော်အသီးသီးတွင် တာဝန်ယူ ထမ်းဆောင်ကြမည်ဖြစ်သည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များက သုံးဦးသော ဒုတိယသမ္မတများကို ရွေးချယ်တင်မြှောက်ကြမည်။ ထိုမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတကို ရွေးချယ်တင်မြှောက်မည်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့ကို ဖွဲ့စည်းမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲခရီးက ရိုးရှင်း❜**

## သဘောထားမှတ်ချက်ပြုမှု ပြောကြား

ထို့အတူ နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့များကလည်း လွတ်လပ်သည့်၊ ပွင့်လင်းမြင်သာမှုရှိသည့် ရွေးကောက်ပွဲဖြစ်သည်ဟု သဘောထားမှတ်ချက်ပြုမှု ပြောကြားခဲ့ကြသည်။ နိုင်ငံတကာ ရွေးကောက်ပွဲများကို အကြိမ်ကြိမ်စောင့်ကြည့်လေ့လာဖူးသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းစွာမှတ်ချက်ပြုထားပြီးဖြစ်သည်။

**"ကျွန်တော်တို့ မဲပေးတဲ့ပြည်သူတွေကို သွားရောက်ပြီး နှုတ်ဆက်စကားနဲ့ အခြားမေးမြန်းမှု အနည်းငယ်ပြုလုပ်ခဲ့ပါတယ်။ သူတို့အားလုံးက တက်ကြွနေကြပါတယ်။ ရွေးကောက်ပွဲကို စိတ်ဝင်တစားလည်းရှိကြပါတယ်။ ပျော်ရွှင်တက်ကြွစွာ မဲပေးဖို့ ပြင်ဆင်နေတဲ့အကြောင်း သူတို့ပြောပါတယ်။ ပါတီတွေက စောင့်ကြည့်နေတဲ့ကိုယ်စားလှယ်တွေကလည်း သူတို့အလုပ်ကို ဂရုတစိုက်လုပ်ဆောင်နေကြတာကိုလည်း တွေ့ရှိခဲ့ပါတယ်။ မဲပေးတဲ့သူတချို့ဟာ သူတို့မိသားစုဝင်တွေနဲ့ မဲရုံတွေမှာ စောင့်ဆိုင်းနေတာကို တွေ့ရပါတယ်။ ဒါက တကယ့်ကို အပေါင်းလက္ခဏာဆောင်တဲ့သဘော ဖြစ်ပါတယ်။ ဒီလိုမျိုးတွေကိုကြည့်ရတာ ကျွန်တော်တို့အနေနဲ့ ရွေးကောက်ပွဲကို ပြည်သူတွေက ယုံကြည်မှုရှိတယ်၊ လုံခြုံရေးကိစ္စရပ်တွေကိုလည်း ယုံကြည်မှုရှိတယ်ဆိုတဲ့ သဘောလက္ခဏာတွေကို ဆောင်ပါတယ်။ ဒါကြောင့် အခုကျင်းပတဲ့ရွေးကောက်ပွဲအပေါ်မှာ ကျွန်တော့်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်"**

ရွေးကောက်ပွဲကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်သည်။ နိုင်ငံနှင့်ပြည်သူအတွက် ကောင်းမွန်သော နိုင်ငံရေးအသွင်ကူးပြောင်းမှုတစ်ခုကို ဖော်ဆောင်ပေးရန် ရည်ရွယ်သည်။ အပိုင်း (၃) ပိုင်းဖြင့် ကျင်းပမည့် ရွေးကောက်ပွဲသည် ပြည်သူ့ဆန္ဒနှင့်အညီ ရွေးချယ်ထားသော အရပ်သားအစိုးရသစ်တစ်ရပ် ဖွဲ့စည်းနိုင်ရေးဖြစ်သည်။

ထို့ကြောင့် ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး အာမခံထားသည်။ ပွင့်လင်းမြင်သာစွာ ကျင်းပခဲ့သည်။ နိုင်ငံတကာမှ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ သံတမန်များ၊ ပြည်တွင်းပြည်ပမီဒီယာများကို စောင့်ကြည့်လေ့လာခွင့်၊ သတင်းရယူခွင့် ပြုပေးခဲ့သည်။ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့် ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့အစည်းများမှ သတင်းမီဒီယာသမားများ စုစုပေါင်း ၁၅၀၀ ကျော် လာရောက်ခဲ့ကြသည်။ အများစုက ပကတိအခြေအနေမှန်ကိုလေ့လာပြီး အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲအဖြစ် ရှုမြင်ခဲ့ကြပါသည်။

သို့သော် ရွေးကောက်ပွဲမှတစ်ဆင့် နိုင်ငံရေးထောင်ချောက် ဖန်တီးလိုသူများက ပကတိအခြေအနေမှန်ကို ဖုံးကွယ်ရန် ကြိုးစားခဲ့ကြသည်။ ရွေးကောက်ပွဲမအောင်မြင်စေရန် သတင်းမှားများ၊ သတင်းတုများကို ဖန်တီးဖြန့်ဝေခဲ့ကြသည့်အပြင် ရွေးကောက်ပွဲအပိုင်း (၁) ကို အနှောင့်အယှက်ဖြစ်စေရန် မြို့နယ်အချို့တွင် အကြမ်းဖက်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ မကောင်းမှုဖြစ်သည့် အလျောက် အောင်မြင်မှုမရရှိခဲ့ကြပါ။

## လွတ်လပ်အေးချမ်းစွာ မဲပေးနိုင်ခဲ့ကြ

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့သည် နိုင်ငံ့အရေးအတွက် ထူးခြားသောနေ့၊ ရွေးကောက်ပွဲအောင်မြင်သော နေ့ထူးနေ့မြတ်တစ်ခုဖြစ်ခဲ့ပါသည်။ ပြည်သူများက လွတ်လပ်အေးချမ်းစွာ မဲပေးနိုင်ခဲ့ကြသည်။ နံနက်ဝေလီဝေလင်း မဲရုံမဖွင့်မီကပင် မဲရုံများရှေ့ ပြည်သူအများ စုစည်းရောက်ရှိပြီး မဲရုံဖွင့်သည်နှင့် မဲပေးခဲ့ကြသည်။ မဲရုံပိတ်ချိန်အထိ တဖွဲဖွဲ လာရောက်မဲပေးခဲ့ကြသည်။ ပြည်သူများက မဲပေးခြင်းဖြင့် နိုင်ငံသားတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည်။ အပိုင်း (၁) ရွေးကောက်ပွဲနေ့သည် လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်းပင်။ ထိုအခြေအနေသည် ပကတိအခြေအနေမှန်။

ထို့ပြင် မဲပေးသည့် လုပ်ငန်းစဉ်သည်လည်း ရှင်းလင်းခဲ့သည်။ မဲမသမာမှုများ မဖြစ်ပွားစေရန် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကို အသုံးပြုခဲ့သည်။ MEVM တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အား ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံ စသည်တို့က ရှင်းရှင်းလင်းလင်းရှိခဲ့သည်။ အများယုံကြည်လက်ခံခဲ့သည်။

ထိုကဲ့သို့ အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲကို ကျင်းပပြီး ပြည်သူတစ်ဦးတစ်ယောက်ချင်းစီ လွတ်လပ်စွာ ဆန္ဒပြုရွေးချယ်ခဲ့ကြသည့် ရွေးကောက်ပွဲ အပိုင်း (၁) ၏ ရလဒ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်နေပြီဖြစ်သည်။ ရလဒ်သည် ပြည်သူ့ဆန္ဒနှင့်အညီသာဖြစ်သည်။ ပြည်သူ့ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များသာဖြစ်သည်။

ပြည်သူများအနေဖြင့် အပိုင်း (၂) နှင့် အပိုင်း (၃) အတွက် ပြည်သူ့ကိုယ်စားလှယ်များကို ဆက်လက် ရွေးချယ်ကြရဦးမည်ဖြစ်သည်။ ရွေးကောက်ပွဲ အပိုင်း(၃)ပိုင်းကို အောင်အောင်မြင်မြင် ကျင်းပပြီးစီးသည့်အခါ ရွေးကောက်ခံအစိုးရသစ် တာဝန်ထမ်းဆောင်မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲမှသည် အနိုင်ရကိုယ်စားလှယ်များသည် လွှတ်တော်အသီးသီးတွင် တာဝန်ယူ ထမ်းဆောင်ကြမည်ဖြစ်သည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များက သုံးဦးသော ဒုတိယသမ္မတများကို ရွေးချယ်တင်မြှောက်ကြမည်။ ထိုမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတကို ရွေးချယ်တင်မြှောက်မည်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့ကို ဖွဲ့စည်းမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲခရီးက ရိုးရှင်းပါသည်။

သို့သော် မရိုးသားသူများက ရှိနေသေးသည်။ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းမှု၊ မြန်မာပြည်သူပြည်သားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက်ပြုနိုင်ရန် အစဉ်ကြိုးပမ်းနေသူများရှိသည်။ ရွေးကောက်ပွဲ အပိုင်း (၁) က အောင်အောင်မြင်မြင်ပြီးဆုံးခဲ့သည်ဆိုသော်လည်း အနှောင့်အယှက်မကင်းခဲ့ပါ။ ပြည်သူများ ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှု လျော့နည်းစေရန်၊ အေးချမ်းစွာ ဆန္ဒမဲမပေးနိုင်ရန် အကြမ်းဖက်မှုများ၊ နှောင့်ယှက်မှုများ ရှိခဲ့သည်။

## ပြည်သူ့ဆန္ဒမှန်များကို မဲပေးခြင်းဖြင့် ရွေးချယ်ကြ

အနှောင့်အယှက်များကို အစဉ်သတိပြုရမည်ဖြစ်သလို ကမ္ဘာ့နိုင်ငံရေးကိုလည်း သတိပြုလေ့လာကြရမည်ဖြစ်ပါသည်။ လက်ရှိ ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းအရ ကမ္ဘာ့နိုင်ငံများအချင်းချင်း အင်အားပြိုင်ဆိုင်မှု ပြင်းထန်လျက်ရှိသည်။ အငြင်းပွားစရာများ၊ အမုန်းပွားစရာများနှင့် ရှုပ်ထွေးပွေလီသော ပဋိပက္ခများ တည်ရှိနေသည်။ ရှုပ်ထွေးပွေလီသော ကမ္ဘာ့နိုင်ငံရေးပဋိပက္ခများနှင့် ကင်းဝေးပြီး အမိမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်မှု၊ ဖွံ့ဖြိုးမှု စဉ်ဆက်မပြတ် ဆောင်ကြဉ်းနိုင်ရန် နိုင်ငံသားအားလုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အတူ နိုင်ငံတည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေးအတွက် ရွေးကောက်ပွဲ အပိုင်း (၂) နှင့် အပိုင်း (၃) အောင်အောင်မြင်မြင်ပြီးစီးရန်လည်း လိုအပ်ပါသည်။ မြန်မာ့ရွေးကောက်ပွဲသည် မြန်မာပြည်သူများ၏ အကျိုးအတွက်သာ ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်ကို ယုံကြည်နားလည်ပြီး ပြည်သူ့ဆန္ဒမှန်များကို မဲပေးခြင်းဖြင့် ရွေးချယ်ကြရမည်ဖြစ်ပါသည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ပြည်သူတစ်ဦးတစ်ယောက်ချင်းစီက နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းကို ကိုယ်တိုင်ဆန္ဒပြုရွေးချယ်ပေးရန် အရေးကြီးပါသည်။ သို့ဖြစ်ရာ ဇန်နဝါရီလ ၁၁ ရက်နေ့နှင့် ဇန်နဝါရီလ ၂၅ ရက်နေ့တို့တွင် မဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများကို သက်ဆိုင်ရာနယ်မြေဒေသများရှိ မဲရုံများက တံခါးဖွင့်ကြိုဆိုနေမည်ဖြစ်သည့်အတွက် မဲရုံဆီသို့ အရောက်လှမ်းချီရင်း ဆန္ဒနှင့်အညီ မဲပေးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**❛လက်ရှိ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းအရ ကမ္ဘာ့နိုင်ငံများအချင်းချင်း အင်အားပြိုင်ဆိုင်မှု ပြင်းထန်လျက်ရှိသည်။ အငြင်းပွားစရာများ၊ အမုန်းပွားစရာများနှင့် ရှုပ်ထွေးပွေလီသော ပဋိပက္ခများတည်ရှိနေသည်။ ရှုပ်ထွေးပွေလီသော ကမ္ဘာ့နိုင်ငံရေးပဋိပက္ခများနှင့်ကင်းဝေးပြီး အမိမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်မှု၊ ဖွံ့ဖြိုးမှု စဉ်ဆက်မပြတ်ဆောင်ကြဉ်းနိုင်ရန် နိုင်ငံသားအားလုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အတူ နိုင်ငံတည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေးအတွက် ရွေးကောက်ပွဲ အပိုင်း (၂) နှင့် အပိုင်း (၃) အောင်အောင်မြင်မြင်ပြီးစီးရန်လည်း လိုအပ်ပါသည်။ မြန်မာ့ရွေးကောက်ပွဲသည် မြန်မာပြည်သူများ၏ အကျိုးအတွက်သာ ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်ကို ယုံကြည်နားလည်ပြီး ပြည်သူ့ဆန္ဒမှန်များကို မဲပေးခြင်းဖြင့် ရွေးချယ်ကြရမည်❜**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၁၁ /၂၀၂၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ်**
**ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်း ကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| | **ကချင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| (၁) | ဒေါ်မီမီကျော်ထွန်း | ၁/မကန(နိုင်)၀၇၆၆၄၁ | အမှတ်(၄) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးဆီဟူးဒွေ့ | ၁/ပတအ(နိုင်)၀၂၄၇၅၀ | အမှတ်(၆) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| | **ကယားပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| (၃) | ဦးရှားရယ် | ၂/လကန(နိုင်)၀၂၈၈၇၉ | အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးဟန်ထူး | ၂/ဘလခ(နိုင်)၀၀၀၂၉၀ | အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| | **ကရင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| (၅) | ဦးစောဇော်ဝင်း | ၃/ဘအန(နိုင်)၀၄၂၉၇၆ | အမှတ်(၄) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးမျိုးမင်းနောင် | ၁၂/စခန(နိုင်)၀၀၀၀၀၂ | အမှတ်(၅) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| | **စစ်ကိုင်းတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| (၇) | ဦးခဲချိန် | ၅/နယန(နိုင်)၀၀၄၉၁၄ | အမှတ်(၁) | နာဂအမျိုးသားပါတီ |
| | **တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| (၈) | ဦးအောင်ကြူနိုင် | ၈/တတက(နိုင်)၀၀၀၂၀၈ | အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၉) | ဦးဇော်မင်းသန်း | ၁၂/သကတ(နိုင်)၁၂၀၉၇၃ | အမှတ်(၄) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| | **မကွေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| (၁၀) | ဦးအောင်လှထွေး | ၈/ရနခ(နိုင်)၀၂၂၈၇၃ | အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| | **မန္တလေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| (၁၁) | ဦးတင်ဦးလွင် | ၉/မထလ(နိုင်)၀၉၀၆၅၂ | အမှတ်(၆) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| | **မွန်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| (၁၂) | ဦးကျော်ကျော်လင်း (ခ)ဦးထိန်လင်း | ၁၀/မလမ(နိုင်)၁၆၆၄၅၁ | အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | နိုင်အမ်ချမ်းမွန် (ခ)မင်းစိုးခိုင် | ၁၀/မလမ(နိုင်)၂၀၆၈၆၀ | အမှတ်(၄) | မွန်ညီညွတ်ရေးပါတီ |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၄) | | | ၁၂၂၃၂ | ၂၈၃၉ | ၁၅၀၇၁ | |
| | | ဒေါ်မီမီကျော်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၁၅၃ | ၂၄၉၂ | ၇၆၄၅ | ၅၀.၇၃% |
| | | ဦးအားဘော့ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၄၂၈ | ၄၄ | ၂၄၇၂ | ၁၆.၄၀% |
| | | ဦးစောမင်းသိန်း | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၂၂၀၉ | ၁၄၃ | ၂၃၅၂ | ၁၅.၆၁% |
| | | ဦးကမမ်းမုန်လိုင်နော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၆၉ | ၁၃၅ | ၂၁၀၄ | ၁၃.၉၆% |
| | | ဦးဂျန်မာအောင်ပါ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၇၃ | ၂၅ | ၄၉၈ | ၃.၃၀% |
| ၂ | မဲဆန္ဒနယ်အမှတ်(၆) | | | ၄၈၇၁၄ | ၆၂၀၆ | ၅၄၉၂၀ | |
| | | ဦးဆီဟူးဒွေ့ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၂၇၈ | ၄၉၉၆ | ၂၅၂၇၄ | ၄၆.၀၂% |
| | | ဦးဂူဆာပါး | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၈၆၁၅ | ၂၄၇ | ၈၈၆၂ | ၁၆.၁၄% |
| | | ဦးစတီဗင်အောင်သူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၆၆၇ | ၂၆၆ | ၇၉၃၃ | ၁၄.၄၄% |
| | | ဦးကျော်စိုးမိုးဝင်း | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၂၄၃ | ၃၄၄ | ၆၅၈၇ | ၁၁.၉၉% |
| | | ဦးဟိန်းအောင်ကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၉၁၁ | ၃၅၃ | ၆၂၆၄ | ၁၁.၄၁% |
| | ကယားပြည်နယ် | | | | | | |
| ၃ | မဲဆန္ဒနယ်အမှတ်(၁) | | | ၂၇၈၀၅ | ၄၂၅၂ | ၃၂၀၅၇ | |
| | | ဦးရှားရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၁၄၄ | ၃၃၈၀ | ၁၄၅၂၄ | ၄၅.၃၀% |
| | | ဦးပေါ်ထွန်း | ကယားပြည်နယ်ပြည်သူ့ပါတီ | ၇၃၂၇ | ၃၅၉ | ၇၆၈၆ | ၂၃.၉၈% |
| | | ဒေါ်ချောစု | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၈၄၅ | ၂၇၇ | ၅၁၂၂ | ၁၅.၉၈% |
| | | ဦးမြင့်အောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၄၈၉ | ၂၃၆ | ၄၇၂၅ | ၁၄.၇၄% |
| ၄ | မဲဆန္ဒနယ်အမှတ်(၂) | | | ၄၀၈ | ၁၃၄၂ | ၁၇၅၀ | |
| | | ဦးဟန်ထူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၇ | ၁၂၃၈ | ၁၅၇၅ | ၉၀.၀၀% |
| | | ဒေါ်ကိုးမယ်(ခ)ဟန်နီစိုး | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၈ | ၅၆ | ၇၄ | ၄.၂၃% |
| | | ဦးမီရယ်မြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၉ | ၂၈ | ၆၇ | ၃.၈၃% |
| | | ဦးအောင်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၄ | ၂၀ | ၃၄ | ၁.၉၄% |
| | ကရင်ပြည်နယ် | | | | | | |
| ၅ | မဲဆန္ဒနယ်အမှတ်(၄) | | | ၈၈၅၆၅ | ၁၀၃၂၄ | ၉၈၈၈၉ | |
| | | ဦးစောဇော်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၉၃၁၉ | ၇၅၃၄ | ၃၆၈၅၃ | ၃၇.၂၇% |
| | | စောထွန်းလှမြိုင် | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၂၃၃၉၁ | ၁၀၅၆ | ၂၄၄၄၇ | ၂၄.၇၂% |
| | | စောကြည်လင်း | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၂၁၉၄၂ | ၁၁၇၅ | ၂၃၁၁၇ | ၂၃.၃၈% |
| | | ဒေါ်နန်းဥမ္မာစန်း | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၉၃၇၂ | ၃၀၉ | ၉၆၈၁ | ၉.၇၉% |
| | | ဦးစိုးငြိမ်းသူ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၅၄၁ | ၂၅၀ | ၄၇၉၁ | ၄.၈၄% |

စာမျက်နှာ ၉ သို့ ☆

☆ စာမျက်နှာ ၈ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | မဲဆန္ဒနယ်အမှတ်(၅) | | | ၁၂၄၅၃ | ၄၉၂၀ | ၁၇၃၇၃ | |
| | | ဦးမျိုးမင်းနောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၇၆၃ | ၂၈၆၈ | ၆၆၃၁ | ၃၈.၁၇% |
| | | ဦးဇော်မင်းထွေး | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၃၁၄၉ | ၁၂၀၃ | ၄၃၅၂ | ၂၅.၀၅% |
| | | ဦးစောဝင်းနိုင် | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၂၆၉၁ | ၅၄၈ | ၃၂၃၉ | ၁၈.၆၄% |
| | | ခွန်အောင်အောင်ထွန်း | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၁၇၅၆ | ၁၁၂ | ၁၈၆၈ | ၁၀.၇၅% |
| | | ဒေါ်အေးအေးသက် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၉၄ | ၁၈၉ | ၁၂၈၃ | ၇.၃၉% |
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၇ | မဲဆန္ဒနယ်အမှတ်(၁) | | | ၄၄၇၈၈ | ၂၅၄၆ | ၄၇၃၃၄ | |
| | | ဦးခဲချိန် | နာဂအမျိုးသားပါတီ | ၂၅၆၂၂ | ၁၀၉၅ | ၂၆၇၁၇ | ၅၆.၄၄% |
| | | ဦးဇင်းဝမ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၁၆၆ | ၁၄၅၁ | ၂၀၆၁၇ | ၄၃.၅၆% |
| | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| ၈ | မဲဆန္ဒနယ်အမှတ်(၁) | | | ၃၄၅၃၇ | ၅၂၄၄ | ၃၉၇၈၁ | |
| | | ဦးအောင်ကြူနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၅၀၅ | ၄၄၆၇ | ၁၉၉၇၂ | ၅၀.၂၀% |
| | | ဒေါ်ချိုဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၀၃၂ | ၇၇၇ | ၁၉၈၀၉ | ၄၉.၈၀% |
| ၉ | မဲဆန္ဒနယ်အမှတ်(၄) | | | ၁၆၃၅၀ | ၃၅၉၄ | ၁၉၉၄၄ | |
| | | ဦးဇော်မင်းသန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၀၈၀ | ၃၁၄၅ | ၁၁၂၂၅ | ၅၆.၂၈% |
| | | ဦးရွှေထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၂၇၀ | ၄၄၉ | ၈၇၁၉ | ၄၃.၇၂% |
| | မကွေးတိုင်းဒေသကြီး | | | | | | |
| ၁၀ | မဲဆန္ဒနယ်အမှတ်(၁) | | | ၄၆၆၀၆ | ၅၂၇၈ | ၅၁၈၈၄ | |
| | | ဦးအောင်လှထွေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၀၁၅ | ၃၇၁၇ | ၂၃၇၃၂ | ၄၅.၇၄% |
| | | ဦးစိန်လင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၂၂၉ | ၆၆၅ | ၁၁၈၉၄ | ၂၂.၉၂% |
| | | ဦးချမ်းမင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၉၈၄ | ၄၈၇ | ၈၄၇၁ | ၁၆.၃၃% |
| | | ဦးသဲမောင်မောင် | ပြည်သူ့ပါတီ | ၇၃၇၈ | ၄၀၉ | ၇၇၈၇ | ၁၅.၀၁% |
| | မန္တလေးတိုင်းဒေသကြီး | | | | | | |
| ၁၁ | မဲဆန္ဒနယ်အမှတ်(၆) | | | ၅၀၅၈၉၀ | ၇၄၄၉၅ | ၅၈၀၃၈၅ | |
| | | ဦးတင်ဦးလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၅၂၂၁ | ၅၈၇၈၈ | ၃၀၄၀၀၉ | ၅၂.၃၈% |
| | | ဦးမျိုးချစ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၄၂၀၉ | ၄၅၀၅ | ၇၈၇၁၄ | ၁၃.၅၆% |
| | | ဒေါ်သဲအိမ့်မိုး | ပြည်သူ့ပါတီ | ၄၈၂၂၈ | ၂၂၇၃ | ၅၀၅၀၁ | ၈.၇၀% |
| | | ဒေါ်ခင်နှင်းသစ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၉၅၁၉ | ၃၂၁၈ | ၄၂၇၃၇ | ၇.၃၆% |
| | | ဦးသိန်းထိုက်အောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၀၂၄၁ | ၂၄၂၇ | ၄၂၆၆၈ | ၇.၃၅% |
| | | ဦးကိုကြီး | လူမှုစီးပွားမြှင့်တင်ရေးပါတီ | ၂၉၆၈၃ | ၁၆၂၇ | ၃၁၃၁၀ | ၅.၄၀% |
| | | ဒေါက်တာစိုင်းကျော်အုန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၈၇၈၉ | ၁၆၅၇ | ၃၀၄၄၆ | ၅.၂၅% |
| | မွန်ပြည်နယ် | | | | | | |
| ၁၂ | မဲဆန္ဒနယ်အမှတ်(၂) | | | ၁၀၁၈၉၀ | ၁၀၀၂၈ | ၁၁၁၉၁၈ | |
| | | ဦးကျော်ကျော်လင်း(ခ)ဦးထိန်လင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၃၂၈ | ၈၂၀၆ | ၄၃၅၃၄ | ၃၈.၉၀% |
| | | မင်းကျော်ခိုင်ဝင်း | မွန်ညီညွတ်ရေးပါတီ | ၂၉၂၈၀ | ၇၆၄ | ၃၀၀၄၄ | ၂၆.၈၅% |
| | | ဒေါ်နိုင်နိုင် | ပြည်သူ့ပါတီ | ၉၄၀၉ | ၂၄၃ | ၉၆၅၂ | ၈.၆၂% |
| | | ဦးကျော်ဇင်သန့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၈၅၄ | ၃၀၆ | ၉၁၆၀ | ၈.၁၈% |
| | | ဦးသိန်းအေး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၈၇၀၁ | ၂၂၆ | ၈၉၂၇ | ၇.၉၈% |
| | | ဦးအောင်မျိုးသူရ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၈၉၅ | ၂၁၇ | ၆၁၁၂ | ၅.၄၆% |
| | | ဦးပြည့်ပိုင်စိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၄၂၃ | ၆၆ | ၄၄၈၉ | ၄.၀၁% |
| ၁၃ | မဲဆန္ဒနယ်အမှတ်(၄) | | | ၄၈၆၄၉ | ၂၉၇၉ | ၅၁၆၂၈ | |
| | | နိုင်အမ်ချမ်းမွန်(ခ)မင်းစိုးခိုင် | မွန်ညီညွတ်ရေးပါတီ | ၁၉၉၁၂ | ၆၉၃ | ၂၀၆၀၅ | ၃၉.၉၁% |
| | | ဦးတင်ကိုကို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၂၄၈ | ၂၀၂၁ | ၁၉၂၆၉ | ၃၇.၃၂% |
| | | ဒေါ်စုထွေးလတ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၈၆၈ | ၈၇ | ၃၉၅၅ | ၇.၆၆% |
| | | ဒေါ်သီတာဝင်း | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၆၃၃ | ၈၈ | ၃၇၂၁ | ၇.၂၁% |
| | | ဦးဇော်မင်းမိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၀၆၉ | ၂၉ | ၂၀၉၈ | ၄.၀၆% |
| | | ဒေါ်ဇင်မာအေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၉၁၉ | ၆၁ | ၁၉၈၀ | ၃.၈၄% |

# ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အင်းစိန်မြို့နယ် ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ တွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၈**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အင်းစိန်မြို့နယ် ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယမန်နေ့က အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ကျော်က အင်းစိန်မြို့နယ်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)တွင်ပါဝင်ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်၍ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ကြရန်၊ မဲပေးစက်များ သယ်ယူပို့ဆောင်ရေးနှင့် လုံခြုံရေးကိစ္စများ အလေးထားဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ခရိုင်မြို့နယ်ရွေးကောက်ပွဲကော်ရှင်အဖွဲ့ဝင်များသည် စော်ဘွားကြီးကုန်းရပ်ကွက် မဲရုံအမှတ်(၂) အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး မဲရုံများတွင် လိုအပ်သည်များကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုနှင့် စော်ဘွားကြီးကုန်းရပ်ကွက်




အုပ်ချုပ်ရေးမှူးရုံးတွင် ကြိုတင်မဲပေးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၈

စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) ၌ ကျင်းပသည်။

ဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် ပြည်တွင်းစားသုံးဆီ စားသုံးမှု၊ သုံးစွဲမှု၊ ထုတ်လုပ်နိုင်မှုနှင့်တင်သွင်းရန် လိုအပ်မှုတို့ကိုအခြေခံပြီး ပြည်ပမှစားသုံးဆီ တင်သွင်းရန် လိုအပ်ချက်ကို တွက်ချက်ကာ တင်သွင်းခွင့်ပြုလျက်ရှိပါကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သည့် ရည်ညွှန်းဈေးနှုန်းဖြစ်စေရေးအတွက် စားသုံးဆီ ရည်ညွှန်းဈေးနှုန်း စိစစ်တွက်ချက်ရေးအဖွဲ့မှ သေချာစွာ စိစစ်တွက်ချက်၍ အပတ်စဉ်ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ မလိုအပ်သော ကုန်ကျစရိတ်များကို လျှော့ချခြင်းနှင့် ပြည်ပ CIF ဈေးနှုန်းများ ပြန်လည်ကျဆင်းလာခြင်းတို့ကြောင့် စက်တင်ဘာလ စတုတ္ထပတ်မှ ဒီဇင်ဘာလအထိ စားသုံးဆီ တစ်ပိဿာဈေးနှုန်းမှာ ငွေကျပ် ၅၆၀ ကျဆင်းလာခဲ့ပါကြောင်း၊ ဈေးကွက်ဖြန့်ဖြူးမှုအနေဖြင့်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခွဲဝေလျာထားသည့် ပမာဏအတိုင်း ရောက်ရှိနိုင်စေရန် တိုင်းဒေသကြီး စားအုန်းဆီဖြန့်ဖြူးမှုကြီးကြပ်ရေးကော်မတီများ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ကုမ္ပဏီများနှင့် ညှိနှိုင်းပေးလျက်ရှိပါကြောင်း။

အချို့သောမြို့နယ်များတွင် ကော်မတီမှ သတ်မှတ်သည့်ဈေးနှုန်းထက် မြှင့်တင်ရောင်းချလျက်ရှိသကဲ့သို့ အချို့မြို့နယ်များတွင် ခွဲတမ်းကို အပြည့်အဝရောင်းချမှု မရှိခြင်းတို့ကို ကြားသိရသည့်အတွက် သတ်မှတ်ကာလအတွင်း သက်ဆိုင်ရာ ဒေသသို့ သတ်မှတ်ဈေးနှုန်း၊ အရည်အသွေး၊ အခြင်အတွယ်မှန်ကန်စွာဖြင့် ရောင်းချစေရေးနှင့် မသမာသောနည်းလမ်းများဖြင့် ဖြန့်ဖြူးရောင်းချမှုများကို စစ်ဆေးဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ရာ ကုမ္ပဏီများအနေဖြင့် တင်သွင်းခွင့်ရရှိသော စားအုန်းဆီများကို ပြည်သူများထံ အပြည့်အဝ ဖြန့်ဖြူးရောင်းချခြင်း၊ မိမိတို့၏ လက်ကား/ လက်လီကိုယ်စားလှယ်များကို ကြီးကြပ်ထိန်းကျောင်းခြင်းတို့ ဆောင်ရွက်သွားကြစေလိုပါကြောင်းနှင့်တင်သွင်းဖြန့်ဖြူးရာတွင် တွေ့ကြုံရသည့် အခက်အခဲများရှိပါက ဝန်ကြီးဌာန၏ သက်ဆိုင်ရာဦးစီးဌာနများနှင့် ဆက်သွယ်ပြီး ဆွေးနွေးကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက စားသုံးဆီ တင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် စံလုပ်ငန်းစဉ် (SOP)များအား တိကျစွာလိုက်နာဆောင်ရွက်ရေး၊ စားသုံးဆီကဏ္ဍ အထောက်အကူပြုအဖွဲ့များဖြစ်သည့် ဆီကန်ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့နှင့် လေ့လာစောင့်ကြည့် သုတေသနအဖွဲ့တို့အနေဖြင့် မြေပြင်အခြေအနေမှန်များအား တင်ပြရေး၊ မီဒီယာများနှင့် တွေ့ဆုံ၍အများပြည်သူ သိသင့်သိထိုက်သည့်သတင်းအချက်အလက်များကို ရှင်းလင်းပြောကြားရေးနှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ ကွင်းဆင်းစစ်ဆေးရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဇော်နှင့် စားသုံးဆီ တင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ အခက်အခဲများနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရားစေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်

ပခုက္ကူ ဇန်နဝါရီ ၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးကိုယ်တိုင် တည်ထားကိုးကွယ်တော်မူခဲ့သော ရှေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရားစေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် ဆရာတော်ကြီးများဦးဆောင်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်သာသနာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျင်ရွှေနှင့်ဝန်ထမ်းများ၊ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှဖုန်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်ပြည်သူများစုပေါင်း၍ စေတီတော်ကြီးအား နတ်ပန်းရထားဖြင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းဆောင်ရွက်ကြသည်။

သီဟိုဠ်ရှင် မြတ်စွာဘုရားစေတီတော်ကြီးအား ရွှေသင်္ကန်းကပ်လှူနိုင်ရေးအတွက် ငြမ်းလုပ်ငန်း၊ ပြဒါးခံသစ်ဆေးသုတ်လုပ်ငန်းနှင့် ရွှေဆိုင်းချခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းစသည်ဖြင့် အပိုင်းသုံးပိုင်းခွဲ၍ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ စေတနာရှင်ပြည်သူများအနေဖြင့် နေ့စဉ်နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လူကိုယ်တိုင် ရွှေစင်ရွှေပြားကို နတ်ပန်းရထားဖြင့် လှူဒါန်းပူဇော်နိုင်ကြောင်း၊ လက်ရှိအချိန်ထိ ၇၅ ရာခိုင်နှုန်းအထိ လုပ်ငန်းများဆောင်ရွက်ပြီးစီးနေပြီဖြစ်သလို ဒေသခံများနှင့်အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုစုစုပေါင်းငွေကျပ်သိန်း ၁၂၀၀ ကျော်ကိုလည်း လက်ခံရရှိထားပြီးဖြစ်ကြောင်း၊ အရံစေတီ ၃၆ ဆူမှ ၃၂ ဆူအတွက် အလှူခံရရှိထားပြီး အရံစေတီလေးဆူကျန်ရှိသေးကြောင်း၊ နယ်ဝေးမှပြည်သူများအနေဖြင့် အလွယ်တကူလှူဒါန်းပါဝင်နိုင်ရေး THIHO SHIN PAGODA (၀၉-၇၇၇၈၅၃၅၃၆) အမည်ဖြင့် ဖွင့်လှစ်ထားသော AYA PAY Account QR Code ကို သီဟိုဠ်ရှင်ဂေါပကအဖွဲ့ Facebook Page မှတစ်ဆင့်အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ဌာနဆိုင်ရာရုံး၊ အဆောက်အအုံနှင့် ဝန်ထမ်းလိုင်းခန်းများ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနက အသိပညာပေးလုပ်ငန်းများကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက မင်းဘူးခရိုင် လမ်းဦးစီးဌာနရုံးသို့ သွားရောက်ကွင်းဆင်း ဆောင်ရွက်စဉ်။

မောင်မောင်(မင်းဘူး)





၂၀၂၅ ခုနှစ် မတ်၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးဖြစ်စဉ်၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သန္နမီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းများအား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ချီးမြှင့်သည့် ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာများကို ဇန်နဝါရီ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးက ထပ်ဆင့်ပေးအပ်စဉ်။ ဗလ

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြူရုံးလမ်းပေါ်ရှိ ဈေးကုန်းတံတားဖွင့်ပွဲကျင်းပ

ဝါးခယ်မ ဇန်နဝါရီ ၈

ဧရာဝတီ တိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဈေးရပ်ကွက်နှင့် ရေကျော်ရပ်ကွက်ကြား မြူရုံးလမ်းပေါ်ရှိ ဈေးကုန်းတံတားဖွင့်ပွဲကို ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။



## ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ တံတားကို ဧရာဝတီ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်စန်းချစ်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်အင်ဂျင်နီယာမှူးကြီး ဒေါ်နော်ကေသီမိုးနှင့် မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တံတားအား ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ဈေးကုန်းတံတားသည် အရှည် ၃၅ ပေ၊ အကျယ် ပေ ၂၀၊ အမြင့် ရှစ်ပေ Bored Pile သံကူကွန်ကရစ်တံတားဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း မူလရန်ပုံငွေ ၁၅၈ ဒသမ ၃ သန်းနှင့် ဖြည့်စွက်ခွင့်ပြုငွေ ၅၉ ဒသမ ၈၅ သန်း စုစုပေါင်း ကုန်ကျငွေ ၂၁၈ ဒသမ ၁၅ သန်းဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုနှင့် အောင်ဇေနိုင်ကုမ္ပဏီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လွှမ်းသီဟ (ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ဓာတ်အားဖြန့်ဖြူးပေးထားသော ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးလုပ်ငန်းကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်းကို ဇန်နဝါရီ ၅ ရက်က မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတွင် ဖွင့်လှစ်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် အငယ်တန်းအင်ဂျင်နီယာတို့က လက်တွေ့သင်ကြားပို့ချစဉ်။

သိန်းမြင့်ကျော်(မိတ္ထီလာ)



## ရင်နှစ်ပန်းများ ပြည့်အင်အား

- ညီအစ်ကိုအစစ် အရင်းတွေမို့
  စစ်တလင်း မဖြစ်စေချင်။
  အင်န်စီအေဖော်ဆောင်နှင်းပါခဲ့
  ချစ်ခြင်းဖြင့်ပင်။
  တပ်မတော်ကဖိတ်ခေါ်လျှင်
  တိုင်ပင်လို့ဆွေးနွေး။
  မငြိမ်းချမ်းလျှင်မစိမ်းလန်းနိုင်ဘု
  ငြိမ်းချမ်းကာပြည်သာဖို့
  စိမ်းလန်းကာစည်ဖြာဖို့
  ပြည်သာအောင်ညီညာမှုကို
  ရှေးရှုခဲ့သေး။
- ခရီးရှည်ငြိမ်းချမ်းရေး
  မပြီးသေးလျှောက်ဆဲပင်။
  လူငယ်တွေပါဝင်မှ
  ပြည့်ဝမည်ပင်။
  အနာဂတ်ပြည်တစ်ခွင်
  စည်ပင်စွာဖွံ့ဖြိုးဖို့။
  ရှမ်း ချင်း ကချင်နှင့်
  မွန်ကရင်ရခိုင်ဗမာကယားငဲ့ပြင်
  အားလုံးနှောင်ညီဆွေတို့တောင်ပေါ်နေပြန့်မခွဲ
  လက်တွဲကြစို့။
- ဘိုးဘွားတွေအထွတ်အမြတ်သွေးရယ်ကြောင့်
  လွတ်လပ်ရေးရခဲ့သည်။
  အဖေအမေ ဦး အဒေါ်များရယ်က
  ဘိုးဘွားမွေမကွယ်ပျောက်အောင်
  စောင့်ရှောက်ခဲ့ပြီ။
  တို့များကလူငယ်ပီပီ
  တို့တိုင်းပြည်ခိုင်မာရေး။
  မြန်မာဟေ့ကြွေးကြော်မည်ကမ္ဘာအရှည်တည်တံ့ရေး။
  ငြိမ်းချမ်းရေးတည်ဆောက်မည်
  တို့ပြန်လည်သင့်မြတ်ရေး။
  ဟေ့..အလှည့်ကျလျှင်ဖြင့်
  နွဲ့မရဘူး လူငယ်တွေရဲ့
  တို့တိုင်းပြေ(ပြည်)ရေရှည်အကျိုးကို
  မျှော်ကိုးစို့လေး။
- လူငယ်ဟူသည်
  တိုင်းပြည်၏ရင်နှစ်ပန်း။
  သည်ပန်းတွေဖြူစင်သန့်မှ
  မွှေးပျံ့ပြည်တစ်ဝန်း။
- လူငယ်ဟူသည်
  တိုင်းပြည်၏အနာဂတ်။
  ပစ္စုပ္ပန်အယူဖြောင့်ပါမှ
  ပူ ကြောင့် စရာဘာမလိုတဲ့
  အနာဂတ်ကိုခေါင်းဆောင်မှု
  ပြုနိုင်လိမ့်မှတ်။ ။

**မြင်းမူမောင်နိုင်မိုး**

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026)ကို ဂုဏ်ပြုပါ၏။

## လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သို့ ရခိုင်ပြည်နယ်ကိုယ်စားပြုတက်ရောက်ကြမည့် လူငယ်ကိုယ်စားလှယ်များ ဆွေးနွေးတင်ပြခြင်းအခမ်းအနား ကျင်းပ

**စစ်တွေ ဇန်နဝါရီ ၈**

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) သို့ ရခိုင်ပြည်နယ် ကိုယ်စားပြု တက်ရောက်ကြမည့် လူငယ် ကိုယ်စားလှယ်များက ဆွေးနွေး တင်ပြခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမ ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ယခုကျင်းပမည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) ကို ငြိမ်းချမ်းရေးနှင့် လူမှုအသိုက်အဝန်းတည်ငြိမ်ရေးတွင် အားလုံး ပါဝင်သော လူငယ်များ၏ ဆောင်ရွက်ချက်များမှာ အရေးကြီးသည်ကို ပေါ်လွင်စေရန်၊ အနာဂတ် နိုင်ငံတော် တည်ဆောက်ရေး အတွက် လူငယ်မူဝါဒဆိုင်ရာ စာတမ်းတစ်ရပ် (Youth Policy Paper)ကို ရေးဆွဲတင်ပြရန် စသော ရည်ရွယ်ချက်များဖြင့် ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) သို့ ရခိုင်ပြည်နယ်ကိုယ်စားပြု တက်ရောက်ကြမည့် လူငယ် ကိုယ်စားလှယ်များအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ ပြည်နယ် လူမှုရေးရာဝန်ကြီးက လက်ခံရယူပြီး လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) သို့ ရခိုင်ပြည်နယ်ကိုယ်စားပြု တက်ရောက်ကြမည့် လူငယ် ကိုယ်စားလှယ်အဖွဲ့နှင့် ပတ်သက်၍ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သို့ ရခိုင်ပြည်နယ်ကိုယ်စားပြု တက်ရောက်ကြမည့် လူငယ် ကိုယ်စားလှယ်များက သက်ဆိုင်ရာ ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသောလူငယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။




ထို့နောက် ရခိုင်ပြည်နယ် ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များက painting for Peace အတွေးနှင့်ပတ်သက်၍ ရေးဆွဲထားသည့် ပန်းချီပုံများနှင့် ရခိုင်ပြည်နယ်ကိုယ်စားပြု လူငယ် ကိုယ်စားလှယ်များ၏ လှုပ်ရှားမှု ဗီဒီယိုမှတ်တမ်းကို ပြသကာ လူငယ်ကိုယ်စားလှယ်များက "ရခိုင်တို့မြေလာခဲ့လေ" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက ကပြဖျော်ဖြေပေးကြသည့် လူငယ်ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသည့် လူငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## နေပြည်တော် ဇေယျာသီရိမြို့နယ် အထက(ကျောက်ချက်)နှင့်(ရေဆင်း) တို့မှ ကျောင်းသား ကျောင်းသူများ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရှိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းသို့ လာရောက်လေ့လာ



**နေပြည်တော် ဇန်နဝါရီ ၈**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ကျောက်ချက်)နှင့် (ရေဆင်း)တို့မှ ဆရာမများ ဦးဆောင်ပြီး Grade-6၊ Grade-7၊ Grade-8၊ Grade-11) တို့မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀ တို့သည် ဇန်နဝါရီ ၇ ရက် နှင့် ၈ ရက်တို့တွင် ရုံးအမှတ် (၁၄) တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသို့ လာရောက်လေ့လာကြသည်။

ဦးစွာ လေ့လာရေးအဖွဲ့သည် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းတွင် ခင်းကျင်းပြသထားသည့် တိုင်းရင်းသားလူမျိုးစုများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ တိုင်းရင်းသားရိုးရာ အသုံးအဆောင်ပစ္စည်းများ၊ တူရိယာများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြရာ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က တိုင်းရင်းသားလူမျိုးများ၏ သမိုင်းကြောင်းများ၊ ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲရေးနှင့် အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရေး စသည့် ဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အခြေခံပညာအထက်ကျောင်း(ရေဆင်း) ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ ဆရာမများက လက်ခံရယူသည်။

ယင်းနောက် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနမှ ဝန်ထမ်းများက မြန်မာ့ရိုးရာ ကြိုးဆွဲရုပ်သေးရုပ်အကနှင့် ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေပြီး ကျောင်းသား ကျောင်းသူများက အတူတကွ ပူးပေါင်းပါဝင်ကပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ရွေးကောက်ပွဲအသိပညာပေးဆိုင်ရာလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ရန်ကုန် ဇန်နဝါရီ ၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ပါဝင်မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲနှိုးဆော် အသိပညာပေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းအစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သတ်မှတ်နေရာများ၌ ဆောင်ရွက်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဦးအောင်စောဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူ များနှင့် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူ ပို့ဆောင်ရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ သည် ဒေါပုံမြို့နယ် ဒေါပုံဈေးရှေ့၌ ဖြတ်သန်း သွားလာနေသည့် မော်တော်ယာဉ်များ၊ YBS မော်တော်ယာဉ်များ၊ ပြည်သူများ၊ ဈေးအတွင်းရှိ ဈေးရောင်းနေသူများနှင့် ဈေးဝယ်လာပြည်သူ များအား “ဒို့အတူမဲပေးကြမယ်” လက်ကမ်းစာစောင် များ ဖြန့်ဝေကာ ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။



ထို့နောက် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင် ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် မြို့သစ်ရပ်ကွက် အမှတ်(၂)အခြေခံပညာအလယ် တန်းကျောင်းရှိ မဲရုံ(၁) နှင့် (၂) ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ပုဇွန်တောင်မြို့နယ် ပုဇွန်တောင် ဈေးရှေ့တွင် ဖြတ်သန်းသွားလာနေသည့် မော်တော် ယာဉ်များ၊ YBS မော်တော်ယာဉ်များ၊ ပြည်သူများ၊ ပုဇွန်တောင်ဈေးအတွင်း ဈေးရောင်းနေသူများနှင့် ဈေးဝယ်လာပြည်သူများ၊ တောင်ဥက္ကလာပမြို့နယ် နန္ဒဝန်ဈေးရှေ့တွင် ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်များ၊ YBS မော်တော်ယာဉ်များ၊ ပြည်သူများ၊ နန္ဒဝန်ဈေးအတွင်း ဈေးရောင်းနေသူ များနှင့် ဈေးဝယ်လာပြည်သူများအား “ဒို့အတူ မဲပေး ကြမယ်” လက်ကမ်းစာစောင်များ ဖြန့်ဝေကြကာ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဧရာဝတီတိုင်းဒေသကြီးတာဝန်ခံ ဦးတင်ဆွေဝင်း အိမ်မဲမြို့နယ်၌ ကြိုတင်ဆန္ဒမဲပေးနေမှု ကြည့်ရှု

**အိမ်မဲ ဇန်နဝါရီ ၈**

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ရွေးကောက်ပွဲတွင် တာဝန် ထမ်းဆောင်မည့် ပညာရေး ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်း များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့တာဝန်ဖြင့် ခရီးသွားရန်ရှိသူ များအနေဖြင့် ဇန်နဝါရီ ၁ ရက်မှ ၁၀ ရက်အထိ သက်ဆိုင်ရာရပ်ကွက် ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများ ၌ ကြိုတင်ဆန္ဒမဲပေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဧရာဝတီတိုင်း ဒေသကြီးတာဝန်ခံ ဦးတင်ဆွေဝင်း နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်း တွင် အိမ်မဲမြို့နယ် ချောင်းဝ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲရုံး၊ အထက်ပိုင်းရပ်ကွက် ကော်မရှင် အဖွဲ့ခွဲရုံးနှင့် စာချွန်ခံရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင် ပြည်သူများ ကြိုတင်ဆန္ဒမဲပေး နေမှုကို လှည့်လည်ကြည့်ရှုသည်။



အိမ်မဲမြို့နယ်တွင် ကြိုတင် ဆန္ဒမဲပေးနိုင်ရေးအတွက် မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ နှင့် တာဝန်ရှိသူများက စီမံ ဆောင်ရွက်ထားရှိပြီး မဲစာရင်း တွင်ပါရှိသည့် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများ၏ ကြိုတင်မဲများကို ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြား ချက်များနှင့်အညီ ဆောင်ရွက် လျက်ရှိကြောင်းနှင့် အိမ်မဲမြို့နယ်၌ ဇန်နဝါရီ ၁ ရက်မှ ၇ ရက်အထိ မဲဆန္ဒရှင်ပြည်သူ ၁၀၃၁ ဦး ကြိုတင်ဆန္ဒမဲများ ပေးပြီး ဖြစ်ကြောင်း မြို့နယ်ရွေးကောက် ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရ သည်။

**ချစ်သက်လယ်**



# ကလောမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲပေးခြင်း ဆောင်ရွက်

**ကလော ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်တွင် ရွေးကောက်ပွဲ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်သည့် အတွက် ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက ကလောမြို့အမှတ်(၁)မဲရုံ၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် ဌာနဆိုင်ရာဝန်ထမ်း အင်အား ၄၀၀ ခန့်က သရုပ်ပြမဲပေး၍ ကြာမြင့်ချိန်များကို စံချိန်ယူ သတ်မှတ်ခဲ့ခြင်း ပြုလုပ်ကြသည်။

ထိုသို့ စမ်းသပ်မဲပေးခြင်းပြုလုပ်ရာနေရာသို့ ကလောခရိုင်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ဌာနဆိုင်ရာဝန်ထမ်းများအား စမ်းသပ်ဆန္ဒမဲပေးရာ တွင် ကြီးကြပ်ကူညီဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ကျော်ဝင်း(ကလော)**

# ပေါက်ခေါင်းမြို့နယ်၌ မဲရုံမှူး၊ ဒုမဲရုံမှူး မွမ်းမံသင်တန်း ဖွင့်လှစ်

**ပေါက်ခေါင်း ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်တွင် မဲရုံမှူး၊ ဒုမဲရုံမှူး မွမ်းမံသင်တန်းကို ယမန်နေ့နံနက်ပိုင်းက အထက (ပေါက်ခေါင်း) ရွှေရတုခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ ပြည်ခရိုင် စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်က မဲရုံမှူးသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ခရိုင်ရွေးကောက်ပွဲ အရာရှိ ဦးဝေနော်က မဲရုံမှူး၊ ဒုမဲရုံမှူးတာဝန် ထမ်းဆောင်ကြ မည့် ဆရာ ဆရာမများအား မဲရုံ များတွင် မဲစာရင်းများ မှန်ကန်စေ ရေးနှင့် လုံခြုံမှုရှိစေရေးကိစ္စများ ကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ပြည်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက ပထမအကြိမ်မဲပေးမှုမှ အတွေ့ အကြုံများကို တက်ရောက်လာ ကြသော ဆရာ ဆရာမများအား ပြန်လည်မျှဝေခဲ့ပြီး မြို့နယ် ရွေးကောက်ပွဲ အရာရှိက ရွေးကောက်ပွဲတွင် မဲရုံမှူးတာဝန် ထမ်းဆောင်ကြမည့် ဆရာ ဆရာမ ၁၂၀ အား မဲရုံမှူး၊ ဒုမဲရုံမှူးလုပ်ငန်း တာဝန်များကို သင်ကြားပို့ချ ခဲ့ကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**



မွန်ပြည်နယ် ရေးခရိုင် လမိုင်းမြို့၌ ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေ ချောမွေ့စွာမဲပေးနိုင်ရေး တစ်အိမ်တက်ဆင်း Voter Slip များ ဖြန့်ဝေခြင်းကို ဇန်နဝါရီ ၈ ရက်က ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေ များအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "လွိုင်ကော်စာပေ" စာအုပ်ဆိုင်ဖွင့်ပွဲ ကျင်းပ



လွိုင်ကော် ဇန်နဝါရီ ၈

၂၀၂၆ ခုနှစ် (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန "လွိုင်ကော်စာပေ" စာအုပ်ဆိုင်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဒေါဥခူရပ်ကွက် အမှတ်(၄)လမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအဆောက်အအုံရှေ့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က "လွိုင်ကော်စာပေ" စာအုပ်ဆိုင်ကို လွိုင်ကော်မြို့နှင့် ပတ်ဝန်းကျင်ဒေသရှိ လူငယ်များ၊ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများနှင့် စာပေချစ်မြတ်နိုးသူများအတွက် အသိပညာရှာဖွေရန် အားကိုးရာ နေရာတစ်ခုဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ စာဖတ်ခြင်းယဉ်ကျေးမှု မပျောက်ကွယ်စေရန် လူငယ်များ စာအုပ်စာပေနှင့် ပိုမိုနီးစပ်လာစေရန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်နယ်အစိုးရအဖွဲ့တို့က ပြည်နယ်အတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်စာစောင်များ လှူဒါန်းပေးခြင်း၊ ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်ပေးခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်များကိုလည်း စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိပါကြောင်း၊ လွိုင်ကော်မြို့ရှိ စာပေကို ချစ်မြတ်နိုးသူအားလုံးက "လွိုင်ကော်စာပေ" စာအုပ်ဆိုင် စဉ်ဆက်မပြတ် ရှင်သန်ဖွံ့ဖြိုးအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက စာအုပ်ဆိုင်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဖွင့်ပွဲတွင် ဖျော်ဖြေခဲ့ကြသည့် ပညာရေးဒီဂရီကောလိပ် ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့တို့အား ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် "လွိုင်ကော်စာပေ" စာအုပ်ဆိုင်ကို ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူးနှင့် လူမှုရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး "လွိုင်ကော်စာပေ" စာအုပ်ဆိုင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသစ်ကို လှည့်လည် ကြည့်ရှုကြကာ တက်ရောက်လာသော ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဧည့်သည်တော်များက စာအုပ်အရောင်းဆိုင်ရှိ ခင်းကျင်းထားသည့် စာအုပ်များကို ကြည့်ရှုဝယ်ယူအားပေးခဲ့ကြကြောင်း သိရသည်။

ထို့ပြင် ကယားပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လူငယ်ရေးရာကော်မတီမှ လူငယ်ငြိမ်းချမ်းရေးဖိုရမ်-၂၀၂၆ သို့ ပြည်နယ်ကိုယ်စားပြုတက်ရောက်မည့် လူငယ်ကိုယ်စားလှယ်များ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို မွန်းလွဲပိုင်းက ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က သြဝါဒစကား ပြောကြားပြီး ပြည်နယ်လူမှုရေးရာဝန်ကြီးက လူငယ်ငြိမ်းချမ်းရေးဖိုရမ်-၂၀၂၆ သို့ တက်ရောက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် ဝန်ကြီးများက ပြည်နယ်ကိုယ်စားပြု တက်ရောက်မည့် ကြီးကြပ်သူ၊ အုပ်ချုပ်သူများနှင့် လူငယ်ကိုယ်စားလှယ်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ပုဇွန်တောင်မြို့နယ်၌ ကျောက်မျက်ရတနာ အလှဆင်ဖန်တီးခြင်း လက်မှုပညာသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ကျောက်မျက်ရတနာ အလှဆင်ဖန်တီးခြင်း လက်မှုပညာသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးက သင်တန်းဆင်း အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မော်မော်သန်းက သင်တန်းနည်းပြဆရာမများအား အမှတ်တရလက်ဆောင်ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သင်တန်းသူများ၏ လက်ရာများကို ကြည့်ရှု၍ ရင်းနှီးစွာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ ဟန်စုယဉ်

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ





နေပြည်တော် ဇန်နဝါရီ ၈

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၆)ကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ ကော်မတီဝင် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် မသန်စွမ်းကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအောက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် ဆပ်ကော်မတီ ကိုးခု ဖွဲ့စည်းထားရှိကြောင်း၊ ဆပ်ကော်မတီဥက္ကဋ္ဌများအနေဖြင့် ဆပ်ကော်မတီ အလိုက်တာဝန်များကိုအလေးထားဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို အမျိုးသားကော်မတီထံ တင်ပြအစီရင်ခံရန်လိုအပ်ကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် မသန်စွမ်းသူဦးရေ ၂ ဒသမ ၂၉ သန်း၊ နိုင်ငံလူဦးရေ၏ ၇ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ စီမံကိန်းမြို့နယ်ပေါင်း ၃၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး စီမံကိန်းမြို့နယ်များမှ မသန်စွမ်းသူ မှတ်ပုံတင်လျှောက်ထားလာသူ ၁၀၈၇၉ ဦးအား မသန်စွမ်းသူ မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားရှိပြီးဖြစ်ကြောင်း၊ မသန်စွမ်းသူများအတွက် မသန်စွမ်းထောက်ပံ့ကြေးများကို ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ထောက်ပံ့ပေးအပ်လျက်ရှိရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ယနေ့အထိ မသန်စွမ်းသူ ၉၅၄၃ ဦးအတွက် ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၂၈၆ ဒသမ ၂၉ သန်း ထောက်ပံ့ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူးက လုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၄)၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌက လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များအပေါ် စောင့်ကြည့်ဆန်းစစ်မှု ဆောင်ရွက်နိုင်ရေး၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ(၅)နှစ် စီမံကိန်း(၂၀၂၂-၂၀၂၇) ဆောင်ရွက်နေမှုအပေါ် ပြန်လည်သုံးသပ်နိုင်ရေးနှင့် မသန်စွမ်းသူများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်ရရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးတင်ပြရာ တက်ရောက်လာသူများက ကဏ္ဍအလိုက် မသန်စွမ်းသူများ၏ အကျိုးအား ထည့်သွင်းဆောင်ရွက်နေမှုနှင့် တွေ့ကြုံနေရသော အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်ခဲ့မှုများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအသိပညာပေးခြင်းကို မြို့နယ်အတွင်းရှိ လူစည်ကားရာ ရပ်ကွက်/လမ်းဆုံတို့၌ ဇန်နဝါရီ ၆ ရက် ည ၇နာရီက လိုက်လံနှိုးဆော် သတိပေးခြင်းများ ဆောင်ရွက်စဉ်။ ရဲကိုမောင်(ပြန်/ဆက်)

# ဇီးကုန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

ဇီးကုန်း ဇန်နဝါရီ ၈

မြို့နယ်အတွင်း မဲဆန္ဒရှင်ပြည်သူများအား မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ခြင်းမရှိသူများနှင့် ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်ခြင်းတို့အား One Stop Servic ဖြင့် ဆောင်ရွက်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဇီးကုန်းမြို့နယ်ဦးစီးမှူးရုံး၌ ဇန်နဝါရီ ၇ ရက်မှ ၉ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့နယ်ဦးစီးမှူး ဦးထွန်းအေး၏ ကြီးကြပ်မှုဖြင့် ဇီးကုန်းမြို့နယ်အတွင်းရှိ နိုင်ငံသားကတ်ပြား ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်ခြင်း ဆောင်ရွက်ပေးနေမှုကို ခရိုင်ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကေသီဝမ်းက ကြည့်ရှုစစ်ဆေးပြီး အထောက်အထားပြည့်စုံခိုင်လုံစွာဖြင့် လာရောက်ပြုလုပ်သူများအား နိုင်ငံသားကတ်များကို လက်ဝယ်အရောက်



နေ့ချင်းပြီး ဆောင်ရွက်ပေးအပ်ခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဇီးကုန်းမြို့နယ်ဦးစီးမှူးရုံးအနေဖြင့် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ယနေ့အထိ နိုင်ငံသားစိစစ်ရေးကတ် ၇၁၉ ခုအား ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကရင်ပြည်နယ်အတွင်း ဆောင်းဆီထွက်သီးနှံ ၇၆၉၂ ဧက စိုက်ပျိုးရန်လျာထား

ဘားအံ ဇန်နဝါရီ ၈

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်းဆီထွက်သီးနှံ ၇၆၉၂ ဧက စိုက်ပျိုးထုတ်လုပ်သွားရန် လျာထားဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာနှင့် ဝါးဆူးကျေးရွာတို့ရှိ ဆောင်းဆီထွက်သီးနှံ စိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာရှိ စုစုပေါင်း စိုက်ဧက ၅၇၇ ဧကပေါ်တွင် ဆောင်းဆီထွက်သီးနှံ (မြေပဲ) စိုက်ပျိုးပြီးစီးမှုနှင့် တစ်ဧကအထွက်နှုန်း တိုးတက်ရရှိရေး ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုအားပေးရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဒေသတွင်းဆီထွက်သီးနှံ တိုးတက်စိုက်ပျိုးမှုနှင့် ဆီဖူလုံမှုအခြေအနေ၊ နွေစပါးနှင့် ဆောင်းဆီထွက်သီးနှံအထူးဇုန် ဧက ၁၄၃၀ ဆောင်ရွက်မည့်အစီအစဉ်၊ နွေစပါးနှင့် အထွက်နှုန်း တိုးတက်ရေး နည်းပညာပေးစံပြကွက်များ ဆောင်ရွက်မည့်အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က တစ်ဧကပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်ရန်၊ အစေ့အဆန်များကြီးထွားအောင်မြင်စေရေး လိုအပ်သည့်သွင်းအားစုများ ထည့်သွင်းဆောင်ရွက်ရန်နှင့် တောင်သူအသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် မှာကြားကာ တက်ရောက်လာသော တောင်သူများအား ဂျစ်ပ်ဆမ်ကျောက်မှုန့်မြေဩဇာအိတ်များနှင့် ရွက်ဖျန်းမြေဩဇာထုပ်များကို ပေးအပ်သည်။

ထို့နောက် ဆောင်းဆီထွက်သီးနှံ စိုက်ခင်းဧရိယာအတွင်း စိုက်ပျိုးထားရှိသည့် ပဲတီစိမ်းစိုက်ခင်းများအတွင်း တောင်သူများ ရွက်ဖျန်းမြေဩဇာများ စုပေါင်းကြဲပက်နေမှုနှင့် ဘားအံမြို့နယ် ဝါးဆူးကျေးရွာ အနောက်ဘက်ကွင်းရှိ ဆောင်းဆီထွက်သီးနှံ (မြေပဲ)စိုက်ခင်းများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ မှာကြားသည်။

ကရင်ပြည်နယ်အတွင်း ယခင်နှစ်က စားသုံးဆီဖူလုံမှု ၈၄ ဒသမ ၄၅ ရာခိုင်နှုန်းခန့်သာရှိခဲ့ပြီး ဆီဖူလုံမှုတိုးတက်စေရေး ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ဆောင်းမြေပဲ ၃၁၆၀၇ ဧက၊ ဆောင်းနှမ်းဧက ၄၁၇၅၀ နှင့် နေကြာ ၃၅၆၆ ဧက စုစုပေါင်းဆောင်းဆီထွက်သီးနှံ ၇၆၉၂ ဧက စိုက်ပျိုးရန်လျာထားဆောင်ရွက်လျက်ရှိပြီး ယခုအခါ ဆောင်းဆီထွက်သီးနှံ ၇၅၀၆၁ ဧက ကို စိုက်ပျိုးပြီးစီးကြောင်းနှင့် လျာထားဧကပြည့်မီကျော်လွန်ရေး၊ တစ်ဧကပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိရေး တာဝန်ရှိသူအဆင့်ဆင့်က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# မကွေးမြို့သမဝါယမသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ လက်တွေ့ကွင်းဆင်းဆောင်ရွက်

မကွေး ဇန်နဝါရီ ၈

၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ သမဝါယမအသင်းတွင် ပထမနှစ် ၇၂ ဦး၊ ဒုတိယနှစ် ၃၀ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၀၂ ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိရာ သင်တန်းသား သင်တန်းသူများအား အဖွဲ့ငါးဖွဲ့ခွဲ၍ ဒီဇင်ဘာ ၃၁ ရက်က ကျောင်းအုပ်ကြီး၊ ကြီးကြပ်နည်းပြဆရာ ဆရာမများနှင့် ဒုတိယနှစ် သင်တန်းသား သင်တန်းသူ ၃၀ တို့က အောင်လံမြို့နယ် သမဝါယမအသင်းစု၏ ဆီစက်လုပ်ငန်းကို လက်တွေ့ကွင်းဆင်းလေ့လာကြသည်။



ထိုသို့ ကွင်းဆင်းလေ့လာရာတွင် သင်တန်းသား သင်တန်းသူများက အသင်းစု၏ စာရင်းဇယားများကို လက်တွေ့ရေးဆွဲခြင်း ဆောင်ရွက်ခဲ့ပြီး အောင်လံမြို့နယ် ဒုရင်ဗိုလ်ကျေးရွာရှိ အောင်လံသားစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းစု စပါးကြိတ်ခွဲသန့်စင်စက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

**ကွင်းဆင်းဆောင်ရွက်**

ထို့နောက် သင်တန်းသားများ လက်တွေ့ကွင်းဆင်းဆောင်ရွက်မှု အတွေ့အကြုံ ရှင်းလင်းပွဲနှင့် မိတ်ဆုံညစာစားပွဲကို ဇန်နဝါရီ ၂ ရက်က မကွေးမြို့ သမဝါယမ သင်တန်းကျောင်း၌ ပြုလုပ်ရာ သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်ဇော်ထွန်းက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာထွန်းက လက်တွေ့ကွင်းဆင်းမှု လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ သွားရောက်လေ့လာခဲ့သည့်အဖွဲ့ ကိုယ်စားပြု သင်တန်းသားတစ်ဦးက မိမိတို့ လက်တွေ့ကွင်းဆင်းဆောင်ရွက်မှု အခြေအနေများကို တင်ပြခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)



# ဘားအံတက္ကသိုလ်တွင် မူးယစ်ဆေးဝါးများအန္တရာယ်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး

ဘားအံ ဇန်နဝါရီ ၈

ကရင်ပြည်နယ် ဘားအံမြို့တွင် ကျောင်းသား ကျောင်းသူလူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေး အကြောင်းအရာများကို သိရှိစေရန်ရည်ရွယ်၍ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ဘားအံတက္ကသိုလ် ငုရွှေဝါခန်းမ၌ ကျင်းပသည်။

ဦးစွာ ဘားအံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ဘားအံမြို့ အမှတ်(၃၁)မူးယစ်တပ်စုမှ ရဲမှူးမင်းထွဋ်က မူးယစ်ဆေးဝါး၊ စိတ်ပြောင်းဆေးဝါးနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ ဆိုင်ရာ သိကောင်းစရာများ၊ အမှတ်(၈) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ဒုရဲမှူးသိန်းဇော်မြင့်က လူကုန်ကူးမှုတားဆီးကာကွယ် ရေးဆိုင်ရာသိကောင်းစရာများ၊ လန်ချန်း-မဲခေါင် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဗဟိုဌာနအစီရင်ခံစာပါ အလုပ်အကိုင်ကြော်ငြာစာတုများနှင့် ဆက်စပ်ဖြစ်ပေါ်လာနိုင်သော လူကုန်ကူးမှုအန္တရာယ်အကြောင်းတို့ကို ဟောပြောခဲ့ကြကြောင်း သိရသည်။

စိုးစိုးအေး(ပြန်/ဆက်)

# မော်လမြိုင်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်

မော်လမြိုင် ဇန်နဝါရီ ၈

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၅ ရက်နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်က သင်တန်းသားများအား ယခုသင်တန်းပြီးဆုံးသွားသည့်အခါ မိမိတို့သင်ကြားထားသည်များကို လက်တွေ့နယ်ပယ်တွင် ပြန်လည်အသုံးပြုကြရန် ပြောကြားသည်။

ထို့နောက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းသားများအား တူညီဝတ်စုံများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ အား လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းကို ဇန်နဝါရီ ၅ ရက်မှ ၃၀ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။



စည်သူ (ပြန်/ဆက်)

# တောင်ကြီးမြို့၌ စွန့်ဦးတီထွင်အမျိုးသမီးလုပ်ငန်းရှင်များအဖွဲ့(ရှမ်းပြည်နယ်) ဖွဲ့စည်းခြင်း (၁၀)နှစ်ပြည့်အခမ်းအနား ကျင်းပ

တောင်ကြီး ဇန်နဝါရီ ၈

စွန့်ဦးတီထွင်အမျိုးသမီးလုပ်ငန်းရှင်များအဖွဲ့(ရှမ်းပြည်နယ်) ဖွဲ့စည်းခြင်း (၁၀)နှစ်ပြည့် အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက တောင်ကြီးမြို့ ဟိုတယ်ထိန်သာခန်းမ၌ ကျင်းပသည်။

ဦးစွာ စွန့်ဦးတီထွင်အမျိုးသမီးလုပ်ငန်းရှင်များအဖွဲ့(ရှမ်းပြည်နယ်) (WEWG) ဥက္ကဋ္ဌ ဒေါ်မိုမိုသီတာနှင့် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးပပတို့က အမှာစကား ပြောကြားသည်။ ထို့နောက် စွန့်ဦးတီထွင်အမျိုးသမီးလုပ်ငန်းရှင်များအဖွဲ့(ရှမ်းပြည်နယ်) အတွင်းရေးမှူးက အဖွဲ့၏လှုပ်ရှားဆောင်ရွက်မှုများကို တင်ပြပြီး ဘဏ္ဍာရေးမှူးက ငွေစာရင်း ရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။ ထို့နောက် အသင်းအားရေရှည်တည်တံ့စေရေးအတွက် ပံ့ပိုးကူညီကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများကို ရှမ်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၏ ဇနီး၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် စွန့်ဦးတီထွင် အမျိုးသမီးလုပ်ငန်းရှင်များအဖွဲ့ (ရှမ်းပြည်နယ်) (WEWG) ဥက္ကဋ္ဌတို့က ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒေါ်ယဉ်ဝင်းသူ Ph.D.(Organization Development) က Personal Development, Change Management and Organization Development ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပြီး စွန့်ဦးတီထွင်အမျိုးသမီးလုပ်ငန်းရှင်များအဖွဲ့(ရှမ်းပြည်နယ်) အဖွဲ့ဝင်များက ဂုဏ်ပြုလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။



ပြည်နယ်(ပြန်/ဆက်)

## ရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများ ပြုလုပ် မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၈

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂)အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများကို ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌လည်းကောင်း၊ မောက်မယ်မြို့နှင့် ကွန်ဟိန်းမြို့တို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမများ၌လည်းကောင်း ပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

### ဆောင်ရွက်

ဦးစွာ တိုင်းမှူးများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်ပတ်သက်၍ အမှာစကားများ ပြောကြားကြသည်။ ထို့နောက် ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ တိုင်းမှူးများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ မြို့နယ်ခန်းမ၊ ခိုယောင်းကျေးရွာရှိ မဲရုံ၊ နောင်လုံကျေးရွာရှိ မဲရုံနှင့် လုံပုန်းကျေးရွာအုပ်စုရှိ အမှတ်(၂)မဲရုံများအားလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် မြကန်သာရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း မဲရုံနှင့် ဘန်းယဉ်မြို့ မင်္ဂလာရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း မဲရုံများအားလည်းကောင်း၊ မောက်မယ်မြို့နယ်နှင့် ကွန်ဟိန်းမြို့နယ်တို့အတွင်း မဲရုံနေရာများအားလည်းကောင်း သက်ဆိုင်ရာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ထိန်းသိမ်းထားရှိမှု၊ ဆန္ဒမဲပေးခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကြိုတင်မဲပေးမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒီဇင်ဘာလအတွက် မီတာဖတ်ရှုနေမှုများနှင့် ဓာတ်အားဖြန့်ဖြူးထားမှုများ ကွင်းဆင်းကြပ်မတ်စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၈

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၆ ရက်က မရမ်းကုန်းမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ အင်းစိန်မြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် ထောက်ကြန့်မြို့တို့၌ ဒီဇင်ဘာလအတွက် မီတာ ဖတ်ရှုနေမှုများနှင့် ဓာတ်အားခွဲရုံများ အလိုက် ဓာတ်အား ဖြန့်ဖြူးထားမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။



ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ ရောက်ရှိစဉ် ဓာတ်အားခ ကြွေးကျန်များ၊ ဓာတ်အားပျောက်ဆုံးမှုများ၊ ထရန်စဖော်မာအလိုက် လယ်ဂျာစာရင်းပြုစုထားမှုများနှင့် မီတာဖတ်ရှုထားမှုများကို ကြည့်ရှုစစ်ဆေးပြီး ထရန်စဖော်မာမီတာ ဖတ်ရှုနေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် စမ်းချောင်းမြို့နယ် ၃၃/၆.၆ ကေဗွီ ဟံသာဝတီ ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားဖြန့်ဖြူးထားမှုများ၊ ဖီဒါအလိုက်မီတာဖတ် မှတ်တမ်းကတ်ဖြည့်သွင်းထားမှုများနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး၊ ဓာတ်အားခွဲရုံသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ရွှေပြည်သာမြို့နယ်ရှိ အမှတ်(၄)လမ်းမကို ရှစ်လမ်းသွား လမ်းမကြီးအဖြစ် လမ်းတိုးချဲ့ရာတွင် မလွတ်ကင်းသော ၆၆ ကေဗွီ ဓာတ်အားလိုင်းများ ရွှေ့ပြောင်းတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ လုပ်ငန်းလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ထောက်ကြန့်မြို့ ၂၃၀ ကေဗွီ လှော်ကားပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ၁၅၀ အမ်ဗွီအေထရန်စဖော်မာ တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်(YESC)**



## မင်းလှမြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေး

မင်းလှ ဇန်နဝါရီ ၈

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်ခဲ့ခြင်း မရှိသူများနှင့် (ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်)တို့အား One Stop Service ဖြင့် နေ့ချင်းပြီးဆောင်ရွက်ပေးခြင်းကို ယမန်နေ့က သီရိရတနာခန်းမ၌ ပြုလုပ်သည်။

အဆိုပါ One Stop Service ဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်းလုပ်ငန်း မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲ ကျင်းပ



ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် အမှတ်(၆၉) ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့က အမှတ်(၃) အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်း သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်၍ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာရွှေပြည်စိုးက အမှာစကားပြောကြားပြီး ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ် ၁၀ သိန်းကို လှူဒါန်းသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးဇော်မျိုးထွဋ်က မှဒိတာစကားပြောကြားပြီး စုံညီပွဲတော်ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးခဲ့သည့် အမှတ်(၆၉)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်နှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ အမှတ်(၃)အခြေခံပညာ မူလတန်း(လွန်)ကျောင်းမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များနှင့် ဆုများချီးမြှင့်ခဲ့ပြီး ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်များဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌဖလား(U-10/U-18 )အခြေခံပညာကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၄ ရက် ညနေပိုင်းက အောင်ဆန်းသူရိယလှသောင်း အားကစားကွင်း၌ ကျင်းပရာ (U-18)ဗိုလ်လုပွဲယှဉ်ပြိုင်ရာတွင် ဒုတိယဆုရရှိသော အထက လက်ခုပ်ကုန်းဘောလုံးအသင်းအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။

ဆွေနွယ်(ပြန်/ဆက်)

**နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ရူပဗေဒဘာသာရပ် သိကောင်းစရာ

ဒေါက်တာယဉ်မောင်မောင် (ပါမောက္ခ (ဌာနမှူး)ရူပဗေဒဌာန)

အထက်တန်းပညာရေး၏ အဆင့်မြင့်အဆင့်ဖြစ်သော ၁၂ တန်း ရူပဗေဒသင်ရိုးသည် သိပ္ပံဘာသာရပ်ကို ရွေးချယ်ထားသည့် ကျောင်းသားများအတွက် အလွန်အရေးကြီးသော အခြေခံအုတ်မြစ်တစ်ခုပင်ဖြစ်သည်။ ဤသင်ရိုးတွင် စုစုပေါင်း သင်ခန်းစာ ၁၃ ခု ပါဝင်ပြီး ၎င်းတို့ကို အဓိကအပိုင်းကြီး ၄ ပိုင်း ခွဲခြားထားပါသည်။

ပထမအပိုင်းသည် Mechanics အပိုင်း ဖြစ်သည်။ Chapter 1 သည် မျဉ်းဖြောင့်ရွေ့လျားမှုကို လေ့လာခြင်းမှတစ်ဆင့် စက်ဝိုင်းပတ်ရွေ့လျားမှု (Rotational Motion) အကြောင်းကို ဆက်လက်လေ့လာခြင်းဖြစ်သည်။ Centripetal acceleration ၏ သဘောတရားကို ကောင်းစွာနားလည်ရန်လိုအပ်ပြီး ၎င်းသည် အမြဲတမ်း ဗဟိုချက်ဆီသို့ ဦးတည်နေကြောင်း သိရှိရမည်။ Chapter 2 တွင် ဤအရှိန်ကို ဖြစ်ပေါ်စေသောအားကို ဆက်လက်လေ့လာသည်။ ဗဟိုချက်ဆွဲအား (centripetal force) သည် သီးသန့်အားတစ်ခု မဟုတ်ဘဲ တင်းအား (tension) သို့မဟုတ် ပွတ်တိုက်အား (friction) ကဲ့သို့သော အားများ၏ ဗဟိုချက်ဆီသို့ ညွှန်းသောရလဒ်အားစုတစ်ခုသာဖြစ်သည်။ ဗဟိုခွာအား (centrifugal force) ဆိုသည်မှာ ရွေ့လျားမှုဘောင်အတွင်းမှ ခံစားရသော ဒြပ်ဆွဲအားသာဖြစ်ပြီး pseudo-force ဖြစ်ပြီး inertial frame တွင် အမှန်တကယ်ရှိသောအား မဟုတ်ပေ။ Chapter 3 သည် အရည်များ၏ စီးဆင်းမှုသဘောတရားကို လေ့လာခြင်းဖြစ်သည်။ ဤတွင် streamline flow နှင့် turbulent flow ကဲ့သို့သော စီးဆင်းမှုပုံစံများကို လေ့လာရသည်။ Equation of Continuity တွင် အရည်သည် ကျဉ်းမြောင်းသောနေရာသို့ရောက်လျှင် အလျင်မြင့်တက်လာပုံကို ရှင်းပြပြီး Bernoulli's Equation သည် အရည်၏ဖိအား၊ အလျင်နှင့် အမြင့်တို့ကြား ဆက်နွယ်မှုကို ဖော်ပြသည်။ အရည်၏ စေးကပ်မှု (viscosity) ကိုလည်း လေ့လာရသည်။

ဒုတိယအပိုင်းသည် Energy အပိုင်းဖြစ်ပြီး စွမ်းအင်၊ လှိုင်းများနှင့် အလင်းပညာ (Energy, Waves & Optics) များကို ဖော်ပြထားသည်။ Chapter 4 သည် စွမ်းအင်အရင်းအမြစ်များနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို လေ့လာသည်။ ဤအခန်းတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (renewable energy) နှင့် ပြန်လည်မပြည့်ဖြိုးနိုင်သော စွမ်းအင်အရင်းအမြစ်များ (non-renewable energy sources)၏ ကွာခြားချက်များကို သိရှိရန်နှင့် ၎င်းတို့၏ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို နားလည်ရန် အရေးကြီးသည်။ Chapter 5 ဖြစ်သော Heat Transfer of Thermodynamics တွင် အပူကူးပြောင်းနည်းသုံးမျိုးဖြစ်သည့် အပူလျှောက်ကူးခြင်း (conduction)၊ အပူစီးကူးခြင်း (convection)နှင့် အပူရောင်ခြည် ဖြာထွက်ခြင်း (radiation) တို့ကို လေ့လာရသည်။ Thermodynamics ၏ ပထမနိယာမ (First Law) သည် စွမ်းအင်တည်မြဲမှုနိယာမကို အပူနှင့် အလုပ်တွင် အသုံးချထားခြင်းဖြစ်သည်။

Chapter 6 တွင် အသံ၏ ဂုဏ်သတ္တိများနှင့် သက်ရောက်မှုများကို ဆက်လက်လေ့လာသည်။ အသံဖြတ်သန်းရန်အတွက် ကြားခံနယ်လိုအပ်ကြောင်း၊ ပဲ့တင်သံ (echo) ၏ အသုံးဝင်ပုံနှင့် Doppler Effect ၏ သဘောတရားတို့ကို နားလည်ရန်လိုအပ်သည်။ Chapter 7 နှင့် 8 သည် အလင်းပညာနှင့်သက်ဆိုင်သော အခန်းများဖြစ်သည်။ Chapter 7 တွင် အလင်းကိရိယာများဖြစ်သော မျက်လုံး၊ အဏုကြည့်မှန်ပြောင်း၊ အဝေးကြည့်မှန်ပြောင်းတို့၏ အလုပ်လုပ်ပုံနှင့် Laser၊ Fibre Optics စသည့် နည်းပညာများကို လေ့လာရသည်။ Chapter 8 တွင် အလင်း၏ လှိုင်းသဘာဝကြောင့်ဖြစ်ပေါ်သော diffraction နှင့် interference ကဲ့သို့သော ဖြစ်စဉ်များကို နက်ရှိုင်းစွာ လေ့လာရသည်။

တတိယအပိုင်းသည် Electricity & Magnetism အပိုင်းဖြစ်သည်။Chapter 9 နှင့် 10 တွင် လျှပ်စစ်အခြေခံကို လေ့လာနိုင်သည်။ Chapter 9 တွင် capacitor များ၏ အလုပ်လုပ်ပုံနှင့် ၎င်း၏ capacitance တွက်ချက်နည်းများကို သင်ယူရသည်။ Chapter 10 တွင် emf နှင့် voltage ကွာခြားချက်၊ လျှပ်စစ်ပါဝါ တွက်ချက်နည်းနှင့် Joule's law အပါအဝင် လျှပ်စစ်နှင့်ပတ်သက်သော အခြေခံမှုများကို လေ့လာရသည်။ Chapter 11 ဖြစ်သော လျှပ်စစ်သံလိုက်ညှို့ယူခြင်း (Electromagnetic Induction)သည် ခေတ်သစ်လျှပ်စစ်ဓာတ်အားစနစ်၏ အခြေခံဖြစ်သည်။ ဤအခန်းတွင် Faraday's law နှင့် Lenz's law တို့ကို နားလည်ရန်နှင့် generator နှင့် transformer တို့၏ အလုပ်လုပ်ပုံကို သိရှိရန် အရေးကြီးသည်။ လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်းနှင့် domestic wiring အခြေခံများကိုလည်း ဤအခန်းတွင် လေ့လာရသည်။

Modern Physics တွင် Chapter 12 နှင့် Chapter 13 (၂) ခန်း ပါဝင်သည်။

Chapter 12 သည် ဒစ်ဂျစ်တယ်အီလက်ထရွန်နစ် (Digital Electronics) နှင့် သက်ဆိုင်သော အခန်းဖြစ်သည်။ Analog နှင့် digital signals များ၏ ကွာခြားပုံနှင့် AND, OR, NOT, NAND, NOR အစရှိသော logic gate များ၏ အလုပ်လုပ်ပုံကို နားလည်ရန် လိုအပ်သည်။ Boolean Algebra ကို အသုံးပြု၍ logic circuits များကို ရိုးရှင်းအောင် ပြုလုပ်နည်းကိုလည်း မိတ်ဆက်ပေးသည်။

Digital Electronics and Communication Systems ဘာသာရပ်သည် ခေတ်သစ်နည်းပညာ ကမ္ဘာ၏အခြေခံအဆောက်အအုံပင်ဖြစ်ပါသည်။ ရူပဗေဒဘာသာရပ်၏ ဤဘာသာရပ်ခွဲသည် transistor နှင့် microchip ကဲ့သို့သော အစိတ်အပိုင်းများကို အသုံးပြုပြီး circuit များ ရေးဆွဲခြင်း၊ electronics ပစ္စည်းများကိုအသုံးပြု၍ သတင်းအချက်အလက်များ ကိုင်တွယ်ခြင်း၊ တစ်ခုနှင့်တစ်ခု ဆက်သွယ်ခြင်းတို့ကို လေ့လာပါသည်။

Electronic System ထဲမှ အဓိကအစိတ်အပိုင်းများကို active components နှင့် passive components ဟူ၍ နှစ်မျိုးခွဲထားပါသည်။ Active components ဆိုသည်မှာ အလုပ်လုပ်ရန်အတွက် ပါဝါအရင်းအမြစ် လိုအပ်သောအရာများဖြစ်ပြီး passive components တွင် မလိုအပ်ပေ။

Zener Diode သည် ပုံမှန် diode များနှင့် မတူညီပါ။ ၎င်းသည် လျှပ်စီးကြောင်းကို ရှေ့ဘက်သို့သာမက reverse voltage ကို ကျော်လွန်သောအခါတွင် နောက်ဘက်သို့ပါ စီးဆင်းစေနိုင်ပါသည်။ ထိုသို့ စီးဆင်းရန်အတွက် သတ်မှတ်ထားသော reverse voltage (ပြောင်းပြန်ဗို့အား) သက်ရောက်မှုရှိရပါမည်။ ဤဂုဏ်သတ္တိကြောင့် Zener Diode သည် circuit တစ်ခုထဲတွင် ဗို့အားကို မပြောင်းလဲဘဲ ထိန်းထားပေးရန် (voltage regulation) နှင့် ပါဝါမြင့်တက်မှုများမှ ကာကွယ်ရန်အတွက် အသုံးဝင်ပါသည်။

Light Emitting Diode (LED) ဆိုသည်မှာ လျှပ်စီးကြောင်း ဖြတ်သန်းသည့်အခါ အလင်းထုတ်ပေးသော semiconductor ပစ္စည်းတစ်မျိုး ဖြစ်ပါသည်။ ပါဝါသုံးစွဲမှုနည်းခြင်း၊ သက်တမ်းရှည်ခြင်း၊ အရွယ်အစားသေးငယ်ခြင်း အစရှိသည့် အားသာချက်များကြောင့် LED များကို indicator အဖြစ်သာမက display များတွင်ပါ နေရာအနှံ့ အသုံးပြုနေကြပြီ ဖြစ်ပါသည်။

Photodiode သည် Light Emitting Diode နှင့် ဆန့်ကျင်ဘက် အလုပ်လုပ်သော ပစ္စည်းတစ်မျိုး ဖြစ်ပါသည်။ ၎င်းကို အလင်းကျရောက်သည့်အခါ လျှပ်စစ်စီးကြောင်းထုတ်ပေးပါသည်။ ထို့ကြောင့် CD player များ၊ TV remote control ကဲ့သို့သော ကိရိယာများတွင် အလင်းအာရုံခံကိရိယာ (sensor)အဖြစ် အသုံးပြုကြပါသည်။

ဤ အထူးdiode များအပြင် အခြားသော အာရုံခံကိရိယာများသည်လည်း အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ Light Dependent Resistor (LDR) ဟူသည် ၎င်းအပေါ်ကျရောက်သော အလင်းပြင်းအား များလာသည်နှင့်အမျှ ၎င်း၏ လျှပ်စစ်ခုခံမှု (resistance) ကျဆင်းသွားသော အစိတ်အပိုင်းပင်ဖြစ်ပါသည်။ ထိုဂုဏ်သတ္တိသည် ညအချိန်တွင် အလိုအလျောက်လင်းသည့် လမ်းမီးများ၊ ခိုးသူသတိပေးစနစ် (burglar alarm) များတွင် အလွန်အသုံးတည့်ပါသည်။

Thermistor သည် အပူချိန်ပြောင်းလဲမှုကို ခုခံမှုပြောင်းလဲမှုအဖြစ် တိုင်းတာပေးသော အာရုံခံကိရိယာတစ်မျိုးဖြစ်ပါသည်။ Negative Temperature Coefficient (NTC) thermistor ဟုခေါ်သော အမျိုးအစားသည် အပူချိန်မြင့်တက်လာသည်နှင့်အမျှ ၎င်း၏ ခုခံမှု ကျဆင်းသွားပါသည်။ ထို့ကြောင့် ၎င်းကို အပူချိန်တိုင်းတာရန်နှင့် ထိန်းချုပ်ရန်အတွက် အသုံးပြုကြပါသည်။

ခေတ်သစ်ပစ္စည်းများထဲတွင် သတင်းအချက်အလက်များ ကိုင်တွယ်ခြင်းကို digital electronics မှ လုပ်ဆောင်ပေးပါသည်။ ဤစနစ်၏ အခြေခံအုတ်မြစ်မှာ logic gate များပင် ဖြစ်ပါသည်။ Logic gate များသည် binary input (0 & 1) တို့ပေါ်တွင် မူတည်ပြီး ဆုံးဖြတ်ချက်ချသော အခြေခံအဆောက်အအုံများဖြစ်ပါသည်။ AND, OR, NOT gate များသည် အခြေခံအကျဆုံးသော logic gate များပင် ဖြစ်ပါသည်။ Logic gate များကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် computer နှင့် smartphone များ၏ လုပ်ဆောင်ချက်အားလုံးကို လုပ်ဆောင်နိုင်သည့် ရှုပ်ထွေးသော circuit များအား တည်ဆောက်နိုင်ပါသည်။

Electronics ပစ္စည်းများအချင်းချင်း သတင်းအချက်အလက် ဖလှယ်ရန်အတွက် communication system များ လိုအပ်ပါသည်။ အခြေခံ electronic communication system တစ်ခုတွင် သတင်းအချက်အလက်ကို ပြင်ဆင်ပေးသည့် transmitter၊ သယ်ဆောင်ပေးသည့် channel နှင့် ဘာသာပြန်ပေးသည့် receiver ဟူ၍ ပါဝင်ပါသည်။ အသံကဲ့သို့သော သတင်းအချက်အလက်ကို အဝေးသို့ ပို့ဆောင်နိုင်ရန်အတွက် modulation လုပ်ငန်းစဉ်ကို အသုံးပြုကြပါသည်။

Amplitude Modulation (AM) တွင် သယ်ယူသွားမည့် radio wave (ကြိမ်နှုန်းမြင့် လျှပ်စစ်သံလိုက်လှိုင်း) ၏ amplitude (ပြင်းအား) ကို ပို့ချင်သည့် အသံလှိုင်းအတိုင်း ပြောင်းလဲပေးလိုက်ပါသည်။ Frequency Modulation (FM) ၌ radio wave ၏ frequency (ကြိမ်နှုန်း) ကို ပြောင်းလဲပေးပါသည်။ FM သည် AM ထက် အသံအရည်အသွေးပိုကောင်းပြီး အနှောင့်အယှက်ဒဏ် ပိုခံနိုင်စွမ်းရှိပါသည်။

အချက်အလက်ကို လက်ခံရာတွင် demodulation လုပ်ငန်းစဉ်နှင့် modulated လှိုင်းမှ မူလအသံလှိုင်းကို ပြန်လည်ထုတ်ယူပြီး speaker မှတစ်ဆင့် ပြန်လည် အသံထွက်ပေးပါသည်။

ဤအခြေခံမှုများအား နားလည်ခြင်းသည် မိုဘိုင်းဖုန်းများ၊ အင်တာနက်နှင့် ကမ္ဘာ့အသံလွှင့် စနစ်များအပါအဝင် နည်းပညာကို ကောင်းစွာအသုံးချနိုင်ရန်နှင့် နားလည်စေရန် ပြတင်းပေါက်တစ်ခု ဖွင့်ပေးလိုက်သကဲ့သို့ပင်ဖြစ်ပါသည်။

နောက်ဆုံးအခန်းဖြစ်သည့် Chapter 13 သည် ခေတ်သစ်ရူပဗေဒ (Modern Physics) အကြောင်းကို မိတ်ဆက်ပေးခြင်းဖြစ်သည်။ Modern Physics တွင် Radioactivity, Nuclear Energy နှင့် Special Relativity ဟူ၍ အဓိက သုံးပိုင်းရှိပါသည်။

Radioactivity ဆိုသည်မှာ atom တစ်လုံး၏ nucleus မှ alpha particles, beta particles နှင့် gamma rays ဟူသည့် စွမ်းအင်မြင့် radiation (၃)မျိုး ထုတ်လွှတ်သောဖြစ်စဉ် ဖြစ်ပါသည်။ Alpha particles မှာ ionizing အများဆုံးဖြစ်ပြီး စက္ကူထူထူနှင့်တား၍ ရပါသည်။ Beta particles မှာ Alpha particles ထက် ionizing ပိုနည်းပြီး ပါးလွှာသော အလူမီနီယံချပ်နှင့်တား၍ ရပါသည်။ Gamma rays သည် ionizing အနည်းဆုံးဖြစ်ပြီး ထိုးဖောက်နိုင်စွမ်း အများဆုံးဖြစ်သောကြောင့် ခဲထူထူနှင့်ပင်လျှင် အပြီးတိုင်မတားနိုင်ပေ။ Radioactive ပစ္စည်းတစ်ခု၏ half-life ဆိုသည်မှာ ၎င်းတွင်ရှိသော atom များ ထက်ဝက်ယိုယွင်းပျက်စီးရန် ကြာသည့်အချိန်ကို ခေါ်ပါသည်။ Radioisotopes များကို ဆေးပညာတွင် ရောဂါရှာဖွေကုသရန်၊ စက်မှုလုပ်ငန်းများတွင် ချွတ်ယွင်းချက်ရှာဖွေရန်နှင့် ရှေးဟောင်းပစ္စည်းများ၏ သက်တမ်းကို တွက်ချက်ရန် အသုံးပြုကြပါသည်။

Nuclear Energy သည် atom ၏ nucleus ကွဲထွက်မှုမှ ထွက်ပေါ်လာသည့်စွမ်းအင် ဖြစ်ပါသည်။ Uranium-235 ကဲ့သို့ heavy nucleus ကို neutron နှင့် ထိမှန်လျှင် ၎င်းသည် fission ဖြစ်ပြီး နှစ်ပိုင်းကွဲသွားကာ ကြီးမားသည့်စွမ်းအင် ထွက်လာပါသည်။ ဤဖြစ်စဉ်မှ neutron အသစ်များလည်း ထွက်လာပြီး အခြား nucleus များကို ဆက်တိုက်ကွဲစေခြင်းဖြင့် chain reaction ဖြစ်လာပါသည်။ Nuclear reactor ထဲတွင် ဤ chain reaction ကို ထိန်းချုပ်ပြီး လျှပ်စစ်ဓာတ်အားထုတ်ယူကြပါသည်။

Wave-Particle Duality ဆိုသော အယူအဆသည် light တွင် wave သဘောသာမက particle သဘောပါ တစ်ချိန်တည်းရှိသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ Light of particle ကို photon ဟု ခေါ်ပါသည်။ Louis de Broglie က ဤအယူအဆကို ချဲ့ထွင်ပြီး ရွေ့လျားနေသည့် matter (ဥပမာ-electron) တွင်လည်း wave သဘောရှိသည်ဟု အဆိုပြုခဲ့ပါသည်။ ထိုသို့သော wavelength ကို de Broglie wavelength ဟုခေါ်ပါသည်။ Electron ကဲ့သို့ သေးငယ်သော particle များအတွက် ဤ wavelength ကို တိုင်းတာ၍ ရသော်လည်း ဘတ်စကက်ဘောကဲ့သို့ ကြီးမားသည့်အရာများအတွက် သတိထားမိရန် မလွယ်ကူချေ။

Einstein’s Special Theory of Relativity ၏ အဓိကအချက်နှစ်ချက်မှာ-

၁။ ရူပဗေဒသဘောတရားအားလုံးသည် inertial frame of reference အားလုံးတွင် အတူတူပင် ဖြစ်သည်။

၂။ Speed of light သည် vacuum ထဲတွင် အတူတူပင်ဖြစ်ပြီး speed of source သို့မဟုတ် observer ပေါ်တွင် မှီခိုခြင်းမရှိပေ။

ဤသင်ရိုးသည် စာမေးပွဲအတွက်သာမက အနာဂတ်ဘဝတွင်လည်း သိပ္ပံနှင့်နည်းပညာကို နားလည်အသုံးချနိုင်ရန်အတွက်ပါ အထောက်အကူပြုမည့် အခြေခံအုတ်မြစ်ကောင်းတစ်ခု ဖြစ်သည်။ သဘောတရားတိုင်းကို နက်ရှိုင်းစွာနားလည်ရန် ကြိုးစားပါက ရူပဗေဒဘာသာရပ်သည် ပိုမိုစိတ်ဝင်စားစရာ ကောင်းလာမည် ဖြစ်ပါသည်။

# တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က မြိတ်ခရိုင်အတွင်းရှိ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများနှင့် မူလတန်းကြိုကျောင်း ဆောက်လုပ်နိုင်ရန် ငွေကျပ်သိန်း ၅၀၀ ပေးအပ်

မြိတ် ဇန်နဝါရီ ၈

တိုင်းဒေသကြီးအစိုးရအဖွဲ့က မြိတ်ခရိုင်အတွင်းရှိ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို မြိတ်မြို့နယ် ရဲမှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌထံသို့ လည်းကောင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ထွန်းက ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို မြိတ်မြို့နယ်ရဲမှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူးထံသို့လည်းကောင်း ပေးအပ်ကာ မြိတ်မြို့နယ် ရဲမှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြိတ်မြို့ ဘုရားငါးဆူ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရေးအတွက် မတည်ငွေပေးအပ်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြိတ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မူလတန်းကြိုကျောင်း




ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က မတည်ငွေများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရန် မတည်ငွေကျပ် သိန်း ၅၀၀ နှင့် အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာအဖွဲ့ တူညီဝတ်စုံအတွက် ငွေကျပ်သိန်း ၅၀ ပေးအပ်ရာ သက်ဆိုင်ရာကိုယ်စားလှယ်များက လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

# ဘားအံမြို့နယ်နှင့် မူဆယ်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၈

ဘားအံမြို့နယ်နှင့် မူဆယ်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ ရက် ညနေ ၄ နာရီခွဲတွင် ဘားအံမြို့နယ် ဇာသပြင်ကျေးရွာ အနီးတွင် မြဝတီမြို့ အမှတ်(၅)ရပ်ကွက်နေ မဇာခြည်မိုး(၃၆)နှစ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀(ဒေသတန်ဖိုး ငွေကျပ်သိန်း ၅၀)ကို လည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မူဆယ်မြို့ စွမ်စော်ရပ်ကွက် မူဆယ်-နမ့်ခမ်းသွား ကားလမ်းတွင် ကွတ်ခိုင်မြို့နယ် ဟိုနောင်ကျေးရွာနေ အောင်မိုင်(၂၈)နှစ် မောင်းနှင်ပြီး



တရားခံ အောင်မိုင်၊ မင်းသူ(ခ)ဒွဲလာနှင့် နော်လောန် တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ကွတ်ခိုင်မြို့နယ် နမ့်ကွတ်ကျေးရွာနေ မင်းသူ(ခ)ဒွဲလာ(၂၈)နှစ်လိုက်ပါလာသော TOYOTA LANDCRUI-SER ယာဉ်အား စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၅ ဒသမ ၇၂ ကီလို(ဒေသတန်ဖိုးငွေကျပ် ၅၇၂ သိန်း)နှင့် မြန်မာငွေကျပ် ၆ ဒသမ ၅ သိန်းတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် သိမ်းဆည်းရမိ ဘိန်းဖြူများ ရောင်းချပေးသူ မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် ဟိုနားနယ်မြေနေ နော်လောန်(၄၃)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၁ ကီလို (ဒေသတန်ဖိုး ငွေကျပ် ၁ ဒသမ ၅ သိန်း)ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

✢ စပိန်မှ

၃၄ မိနစ်မှာ ဘာ့ဒ်ဂျီက တစ်ဂိုး၊ ၃၈ မိနစ်နဲ့ ၅၂ မိနစ်တို့မှာ ရာဖင်ဟာက နှစ်ဂိုး သွင်းယူပေးခဲ့တာကြောင့် ဘာစီလိုနာအသင်းဟာ ပွဲကစားချိန် ၁၆ မိနစ်အတွင်း သွင်းဂိုးလေးဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့မှတ်တမ်းကိုလည်း ရရှိခဲ့ပါတယ်။

ဒါ့ပြင် ဘာစီလိုနာအသင်းဟာ စပိန်စူပါဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် ဆီမီးဖိုင်နယ်အဆင့်မှာ ပထမပွဲကစားချိန်အတွင်း သွင်းဂိုး လေးဂိုးသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

ဘာစီလိုနာ အသင်းဟာ ဘီဘာအိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်စူပါဖလား နောက်ဆုံး ဗိုလ်လုပွဲစဉ်မှာ အက်သလက်တီကို မက်ဒရစ်အသင်း သို့မဟုတ် စပိန်လာလီဂါဖလားကို (၁၃)ကြိမ်အထိ ရယူဆွတ်ခူးထားတဲ့ ရီးယဲလ်မက်ဒရစ် အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

ဆော်ဒီအာရေဗျနဲ့ စပိန်ဘောလုံးအဖွဲ့ချုပ်တို့ အကြား စပိန်စူပါဖလားပြိုင်ပွဲကို ဆော်ဒီအာရေဗျနိုင်ငံ၌ ၂၀၂၉ ခုနှစ်အထိ ဆက်လက်ကျင်းပရန် သဘောတူညီထားပြီးလက်ရှိကျင်းပနေတဲ့ စပိန်စူပါဖလားပြိုင်ပွဲရဲ့ ဗိုလ်လုပွဲစဉ်ကို ဇန်နဝါရီ ၁၁ ရက်မှာ ကျင်းပမှာဖြစ်တယ်လို့ သိရပါတယ်။ **ငွေကြယ်**

**☆ အားကောင်းသောမုန်တိုင်းငယ်မှ**

**အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီကျူ ၅ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၄ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင် နှုန်းခန့်ဖြစ်သည်။

**နောက် ၃၆ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၃၆ နာရီအတွင်း သီရိလင်္ကာနိုင်ငံအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
## ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး
## " အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် အသုံးပြုရန်လိုအပ်သည့် FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ၊ ခွဲစိတ်ခန်းသုံးနှင့် ခွဲစိတ်မှန်ခန်းသုံးဆေးနှင့်ဆေးပစ္စည်းများ၊ Consumables များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ တရားဝင်အသိအမှတ်ပြု လိုင်စင်ရကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် ဆေးနှင့်ဆေးပစ္စည်းစာရင်း အသေးစိတ်ကိုသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာတစ်စောင်အတွက် တန်ဖိုးငွေကျပ် - ၁၀၀၀၀ / - (ငွေကျပ်တစ်သောင်း) ဖြင့် ရောင်းချပါမည်။

၄။ တင်ဒါပုံစံရောင်းချမည့် - ( ၉ - ၁ -၂၀၂၆) (သောကြာနေ့)
နေ့ရက်နှင့်အချိန် နံနက်(၁၀:၀၀)နာရီ
တင်ဒါပိတ်မည့် - (၂၃ - ၁ -၂၀၂၆)(သောကြာနေ့)
နေ့ရက်နှင့် အချိန် ညနေ (၄:၀၀)နာရီ

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၁-၃၈၄၄၉၃၊ ၀၁-၃၈၄၄၉၄**

## အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဇော်[၅/ဝလန(နိုင်)၀၉၁၆၀၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဦးအောင်ဇော်မှာ မန္တလေးတိုင်းဒေသကြီးတွင် ပဲကြော်စုံနှင့် ပင်းတယလက်ဖက်စိုလက်ဖက်ခြောက်လုပ်ငန်းကို "မဟာခနေ" အမည်ဖြင့် မူပိုင်သုံးစွဲနိုင်ပါရန် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် "မဟာခနေ" ပဲကြော်နှင့်ပင်းတယ လက်ဖက်စိုလက်ဖက်ခြောက်အမည်အား ယခင်အသုံးပြုနေသော အမည်တူများရှိလျှင် အထောက်အထား ခိုင်ခိုင်မာမာဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင်ခြင်းကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်မိုးသွယ်(LL.B)** | **ဒေါ်မြတ်ဝင်းရီ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၁၀၈၇)** | **(စဉ်-၁၅၃၄၂)** |

**အမှတ်(၁၁၄၄)၊ TV တိုင်လမ်း၊ ကျောက်တောင်၊ ရပ်ကွက်ကြီး(၅)၊**
**ပြင်ဦးလွင်မြို့။ ၀၉-၄၃၂၀၇၉၁၈၊ ၀၉-၆၉၉၄၂၇၄၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁Aကံဘဲ့၊ မြေကွက်အမှတ်(၂B-၂/ခ)၊ ဧရိယာ (၀.၂၄၈)ဧက၊ မြေကွက်တည်နေရာအမှတ် (၄၆/အေ)၊ မစိုးရိမ်လမ်းသွယ် (၄)၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ [ဦးဣန္ဒာ ( U AINDA )[၁၂/မရက (နိုင်)၁၂၄၀၆၉] အမည်ပေါက် B မြေပိုင်မြေ၊ ၃(ခ) မြေအား အမည်ပေါက် ဦးဣန္ဒာသည် ( ၆-၆-၂၀၂၃ ) ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်မြင့်ချို [၅/မရန (နိုင်) ၀၁၀၃၆၅] မှ အဆိုပါမြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်များသည် ခင်ပွန်း ဦးဣန္ဒာ ကွယ်လွန်ချိန်မှစ၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တစ်ဦးတည်းသော တရားဝင် ဇနီးဖြစ်သူ ဒေါ်ခင်မြင့်ချိုက တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ (၂) စောင်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အမည်ပေါက်စာချုပ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ ) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/တောင်)၊ မြေကွက်အမှတ်(၈၉၀/က)၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၈၉၀/က)၊ အောင်သစ္စာ(၁)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသန်းမြင့် (CF-၀၈၆၉၇၅)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးသန်းမြင့် (ဖခင်)နှင့် ဒေါ်မြ(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးကျော်လွင် [၁၂/သကတ(နိုင်)၀၇၄၄၈၆]၊ ဦးမြင့်သန်း [၁၂/ဒပန(နိုင်)၀၀၄၉၅၁]၊ ဒေါ်ချို့နွယ်သန်း [၁၂/သကတ (နိုင်)၀၇၃၉၁၃]၊ ဒေါ်စိန်မြသန်း [၁၂/သကတ(နိုင်)၀၇၆၅၀၃]၊ ဒေါ်စိုးစိုးသန်း(TKA-၀၉၀၈၁၁)၊ ဒေါ်အေးအေးသန်း [၁၂/သကတ (နိုင်) ၀၇၄၅၈၂]တို့မှ အထက်ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိတို့မောင်နှမ(၆)ဦးတည်းကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း တရားရုံး ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ နှစ်(၆၀) မြေငှားဂရန်မူရင်းမှာ မိမိတို့နေအိမ်တွင် သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ နှစ်(၆၀)ဂရန်မူရင်းပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ သာကေတမြို့မရဲစခန်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဒေါ်မြ(မိခင်)၏ သေဆုံးမှုလက်မှတ်၊ ဦးသန်းမြင့် (ဖခင်)၏ သေဆုံးမှုလက်မှတ် ပထမမိတ္တူမှန်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စောမာကု [၁၂/လကန(နိုင်)၀၀၀၁၈၀]ပိုင်ဆိုင်သော ကားနံပါတ် (CC/6788)၏ CNG (Gas) စာအုပ်ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက ဆက်သွယ်အကြောင်းကြား ကန့်ကွက်နိုင်ပါသည်။

**ဖုန်း-၀၉-၂၅၀၀၄၁၄၀၈**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

